BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး
သတင်းစဉ်

စစ်ကျွန်အဖြစ်
နှံ့နှစ်မခံ

The Lightning Newsletter

အမှတ် (၁၁၀) ခရစ်နှစ်၊ ၂၀၁၀ ခုနှစ်၊ ဇွန်လ | မြန်မာသက္ကရာဇ် (၁၃၇၂) | (၁၅-၁-၉၉) ရက်နေ့တွင် စတင်တည်ထောင်သည်။

# နိုဗယ်လ်ငြိမ်းချမ်းရေးဆုရှင်၏ (၆၅) နှစ်မြောက်မွေးနေ့ကျင်းပ

## ကမ္ဘာတစ်ဝှမ်း ဂုဏ်ပြုလှုပ်ရှားမှုများပြုလုပ်



မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဇွန်လ (၁၉) ရက်မှာကျရောက်တဲ့ (၆၅) နှစ်မြောက် မွေးနေ့ပွဲကို အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် မိုးကုတ်မြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေ နှင်းကြည်ရဲ့ မင်္ဂလာဒုံမြို့နယ်ကနေ အိမ်မှာကျင်းပပြုလုပ်ခဲ့ပါတယ်။

မွေးနေ့ပွဲကို အဖွဲ့ချုပ်ခေါင်း ဆောင်တွေနဲ့အတူ တိုင်းရင်းသား ခေါင်းဆောင်များနဲ့ နိုင်ငံရေးအင်အား စုများအပါအဝင် ပရိသတ်ငါးရာ ကျော် တက်ရောက်ခဲ့ကြပြီး အခမ်း အနားကို သဘာပတိအဖြစ် အဖွဲ့ချုပ် ဗဟိုအလုပ် အမှုဆောင်ဦးဝင်းတင် က ဆောင်ရွက်ခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့မွေး နေ့ပွဲကို အဖွဲ့ချုပ်ရဲ့ အမျိုးသမီးအဖွဲ့ တွေနဲ့ လူငယ်အဖွဲ့တွေက ဦးဆောင် ကျင်းပခဲ့တာဖြစ်ပြီး မှုသုံးရပ်ကို လည်း ချမှတ်ခဲ့ပါတယ်။ ပျော်ပွဲရွှင်ပွဲ၊ ဟောပြောပွဲတင်မကဘဲ တကမ္ဘာလုံး ရဲ့ လူထုလှုပ်ရှားမှုအသွင်နဲ့ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးတွေကိုပါ ဆက် စပ်လုပ်ဆောင်ဖို့၊ ပြည်ပမှာ ကျယ် ကျယ်ပြန့်ပြန့်ကျင်းပဖို့နဲ့ ဒေါ်အောင် ဆန်းစုကြည် မတရားချုပ်နှောင်ခံနေ ရတာကို ကန့်ကွက်ဖို့တင်မကဘဲ တ တိုင်းပြည်လုံး ချုပ်နှောင်ခံနေရတဲ့အ နေအထားကို ကန့်ကွက်တဲ့သဘော ဖြစ်တာကြောင့် နိုင်ငံရေးအဓိပ္ပါယ် ဆောင်ပြီး နိုင်ငံရေးအရတောင်းဆို ချက်တွေကို ပေါ်လွင်အောင်ဆောင် ရွက်ဖို့ဆိုတဲ့ မှုသုံးရပ်နဲ့ကျင်းပတာ ဖြစ်တယ်လို့ ဦးဝင်းတင်ကပြောပါ တယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့ နေကြီးဖြစ်တဲ့ ဦးဉာဏ်ဝင်းက "ပြည် သူလူထုအားလုံး ဒီမိုကရေစီနဲ့ လူ့အ

စာမျက်နှာ (၅) ကော်လံ (၁) သို့ ...

# အဲန်အယ်လ်ဒီခေါင်းဆောင်များ လူထုအကြားဆင်း

## မဟာဗျူဟာရေးဆွဲရေးအတွက်လေ့လာ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနဲ့တွေ့ဆုံပြီး ဘာသာရေး၊ လူမှုရေးလုပ်ငန်းတွေကို ဆက်လက် ဆောင်ရွက်နိုင်ဖို့အတွက် ဦးဝင်းတင် နဲ့အဖွဲ့ဟာ ဇွန်လ (၁၉) ရက်မှာ က ရင်ပြည်နယ်ခရီးစဉ်ကို စတင်ခဲ့ပါ တယ်။

အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးဝင်းတင်၊ ဦးဟံသာမြင့်နဲ့ ဖျာပုံနီလုံဦးတို့ဦးဆောင်တဲ့အဖွဲ့ဟာ အနယ်နယ်အရပ်ရပ်မှာရှိကြတဲ့ အဖွဲ့


ဦးဟံသာမြင့်

ဝင်တွေဆီကို သွားရောက်ပြီး လတ် တလောဖြစ်ပေါ်နေတဲ့ ဆိုးဝါးတဲ့အ ခြေအနေတွေကို ဝိုင်းဝန်းကူညီဖြေ ရှင်းပေးနိုင်ဖို့အတွက် ဒီခရီးစဉ်ကို ရည်ရွယ်ခဲ့တာဖြစ်တယ်လို့ ဦးဝင်း တင်က ပြောပါတယ်။

"ကရင်ပြည်သူတွေဟာ ဒီနေ့ ဗမာပြည်မှာ ပြည်တွင်းစစ်လို့ပဲ ခေါ် ခေါ်၊ ပြည်တွင်းစစ်ရဲ့ အရိပ်အ ယောင်လို့ပဲခေါ်ခေါ် ဘေးဒုက္ခတွေ ကိုခံစားခဲ့ရတဲ့အခါမှာတော့ ဆိုးဝါး တဲ့ အနေအထားမှာ ရောက်နေတယ် ဆိုတာကို ကျနော်တို့ သဘော

စာမျက်နှာ (၉) ကော်လံ (၁) သို့ ...

ကိုတင်မောင်ဦး
ကြိုးပေးအသတ်ခံရသည့်
(၃၄) နှစ်မြောက်
အမှတ်တရ စာမျက်နှာ
အချပ်ပို ပါရှိသည်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

## လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ





(၆၅) နှစ်မြောက် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ ပြည်တွင်းလှုပ်ရှားမှု





(၆၅) နှစ်မြောက် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ ပြည်ပလှုပ်ရှားမှု














## အန်အယ်လ်ဒီပါတီ ရွေးကောက်ပွဲ မဝင်ပေမယ့် မူဝါဒအတိုင်း ဆက်လက်လုပ်ကိုင်



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရှေ့လုပ်ငန်းစဉ်တွေ ချမှတ်နိုင်ဖို့အတွက် ပါတီဗဟိုအလုပ်အမှုဆောင် အစည်းအဝေးကို ပါတီဒုဥက္ကဌ ဦးတင်ဦးရဲ့နေအိမ်မှာ ဇွန်လ (၂၁) ရက်က ကျင်းပခဲ့ပါတယ်။

ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးကို အဖွဲ့ဝင်များဖြစ်ကြတဲ့ ဦးတင်ဦး၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးညွန့်ဝေ၊ ဦးညဏ်ဝင်း၊ ဦးထွန်းထွန်းဟိန်၊ ဦးဝင်းမြင့်နဲ့ ဒေါက်တာ ဒေါ်မေဝင်းမြင့်တို့ တက်ရောက်ခဲ့ကြပြီး ပါတီလုပ်ငန်းစဉ်တွေ ပုံမှန်လည်ပတ်နိုင်ဖို့ ဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။

CEC အစည်းအဝေးကို ပုံမှန်အတိုင်း လုပ်ဆောင်သွားပြီးတော့ မြို့နယ်တွေက ဆက်လက်လုပ်ဆောင်နိုင်ဖို့ကို လုပ်ငန်းချတာဖြစ်တဲ့ အကြောင်းနဲ့ ပါတီက မှတ်ပုံတင်ထားပြီးသားဖြစ်တာကြောင့် ထပ်ပြီး မှတ်ပုံမတင်တာနဲ့ပတ်သက်လို့ ဝေဖန်ကြတာတွေရှိနေပေမယ့် အဖွဲ့ချုပ်အနေနဲ့ အရင်ကလိုဘဲ ဆက်လုပ်သွားမယ်လို့ ပါတီရဲ့ဒုဥက္ကဌ ဦးတင်ဦးက အာရ်အက်ဖ်အေကို ပြောပါတယ်။

ဇွန်လ (၁၉) ရက်က ပြုလုပ်တဲ့ မွေးနေ့အခမ်းအနားမှာလည်း ပါတီရဲ့ရှေ့လုပ်ငန်းစဉ်နဲ့ပတ်သက်တဲ့ သဘောထားတွေကို ပြောဆိုခဲ့ကြပါသေးတယ်။

“ကျနော်တို့ ဒေါ်စုက လူမှုရေးနဲ့ပတ်သက်ပြီး ပြောတဲ့စကားတခု ရှိပါတယ်။ မကြာခင်က ကျနော့်ကို ပြောလိုက်တာ၊ လူမှုရေးကို နိုင်ငံရေးက ခွဲထုတ်ပြီး ပြောလို့မရဘူးတဲ့။ လူမှုရေးဆိုတာ နိုင်ငံရေးပဲတဲ့။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့က အခုအချိန်မှာ ပြန်လည်မှတ်ပုံမတင်တဲ့အတွက် ဥပဒေအရမရှိတော့ဘူးလို့ တချို့လူတွေကယူဆပေမဲ့ ကျနော်တို့တွေအနေနဲ့တော့ မှတ်ပုံတင်ပြီးသားပါတီတခုဖြစ်တယ်။ နိုင်ငံရေးကိုလဲဆက်လုပ်နေဖို့ ကျနော်တို့လက်ရှိကို မိမိပါတီရှိတယ်ဆိုတဲ့ရပ်တည်ချက်နဲ့ပဲ ကျနော်တို့ဆောင်ရွက်နေတာဖြစ်ပါတယ်”လို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးညဏ်ဝင်းက ပြောခဲ့ပါတယ်။

ဆက်လက်ပြီးတော့ လူငယ်တွေကို စနစ်တကျပျိုးထောင်ပေးဖို့နဲ့ လူငယ်တွေ၊ အမျိုးသမီးအဖွဲ့တွေ၊ ကျောင်းသားထုတွေကလည်း တာဝန်ကိုယ်စီနဲ့ လုပ်ဆောင်နေကြတာကိုတွေ့ရတဲ့အတွက် ဂုဏ်ယူတဲ့အကြောင်း ပြောဆိုသွားပါတယ်။

♦♦♦

မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

### ပြည်သူ့နှလုံး မသိမ်းကျုံးလျှင်

၂၀၁၀ ခုနှစ် ဇွန်လ (၁၉) ရက်နေ့တွင် NLD ခေါင်းဆောင် ဦးဝင်းတင် ဦးဆောင်သည့်အဖွဲ့သည် ကရင်ပြည်နယ်သို့ လူထုစည်းရုံးရေးခရီးသွားရောက်ခဲ့သည်ဟု သတင်းများအရ ကြားသိရသည်။

NLD ခေါင်းဆောင်များအနေဖြင့် မည်သည့်အကြောင်းကြောင့်ဖြစ်စေ လူထုနှင့် ထိတွေ့ဆက်ဆံမှုများ ပြန်လည်စတင်နေခြင်းအား ဝမ်းမြောက်ဝမ်းသာကြိုဆိုအပ်ပေသည်။ နိုင်ငံရေးသမားသည် လူထုနှင့် ကင်းကွာခဲ့ပါက အမိမဲ့သား ရေနည်းငါးသို့ ဖြစ်ချေမည်ကို ပြီးခဲ့သည့်ကာလဖြစ်စဉ်များက ပြဆိုလျက်ရှိသည်။

NLD စတင်ဖွဲ့စည်းစဉ်ကပင် ထိုစဉ်က အတွင်းရေးမှူးအဖွဲ့ဝင်တာဝန်ကို ထမ်းဆောင်နေသည့် ဦးဝင်းတင်ဦးဆောင်လျက် အဖွဲ့ချုပ်ညီလာခံ ကျင်းပနိုင်ရေးကို အဓိကဦးစားပေးလုပ်ငန်းစဉ်အဖြစ်လုပ်ဆောင်ခဲ့သည်။ အလွှာအသီးသီး၊ အတန်းအစားအမျိုးမျိုးနှင့် ဒေသအသီးသီး၊ လူမျိုးအသီးသီးတို့မှ တပြည်လုံးအတိုင်းအတာဖြင့် ပြည်သူလူထုကို ကိုယ်စားပြုသည့် အဆင့်ဆင့်သော အဖွဲ့ချုပ်ခေါင်းဆောင်များကို ဒီမိုကရေစီနည်းကျ မွေးထုတ်ခြင်းအားဖြင့် အဖွဲ့ချုပ်အား လူထုပါတီတရပ်အဖြစ် ထုဆစ်သွန်းလောင်းရန် အဖွဲ့ချုပ်ခေါင်းဆောင်များက အမျှော်အမြင်ကြီးစွာစီစဉ်ခဲ့သည်။

သို့သော် အဖွဲ့ချုပ်၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံကို အကောင်အထည်မဖော်နိုင်ခဲ့။ စစ် အာဏာရှင်တို့၏ အဓမ္မဟန့်တားပိတ်ပင်မှုကြောင့်ဖြစ်သည်။ တချို့သော ခေါင်းဆောင်များကလည်း အုပ်စိုးသူတို့၏ ယင်းဖိနှိပ်မှုကို အကြောင်းပြ၍ ပါတီတွင်း ဒီမိုကရေစီကျင့်သုံးမှုနှင့် အဆင့်ဆင့်သောခေါင်းဆောင်များမှတဆင့် ပြည်သူလူထု၏ ပကတိလိုအပ်ချက်များ၊ သဘောထားများ အပေါ်အခြေခံသည့် မူဝါဒချမှတ်ရေးတည်းဟူသော လူထုပါတီတရပ်အနေနှင့် မလွဲမသွေကျင့်သုံးရမည့် ပါတီတည်ဆောက်ရေးလုပ်ငန်းစဉ်ကို ရှောင်လွှဲရာ၌ အသိရှိသည်ဖြစ်စေ၊ အသိမရှိသည်ဖြစ်စေ ပါဝင်ခဲ့ကြတော့သည်။ ရန်သူ၏ ဖိနှိပ်မှု မည်မျှပင်ပြင်းထန်ပါစေ၊ ပြည်သူလူထုနှင့် မကင်းကွာပဲ ထိုအခြေအနေအောက်မှာပင် ထူးခြားမှုများကို အခွင့်ကောင်းယူ၍ စွန့်လွှတ်စွန့်စားစိတ်ဓာတ်ဖြင့် အနစ်နာခံကာ လူထုလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့ကြသည်။ လူထုနှင့် ထိတွေ့မှုကို ဒေါ်အောင်ဆန်းစုကြည် တဦးတည်းသာ လုပ်ဆောင်သင့်သည့်၊ လုပ်ဆောင်နိုင်သည့်၊ မကိုင်တွယ်၊ မထိတွေ့အပ်သောအရာအဖြစ် သဘောထားခဲ့ကြသည်။ အများစုသော ရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာမဲဆန္ဒနယ်မှ ကင်းကွာနေသည်မှာ ဆယ်စုနှစ်တစုပင်မက အချိန်ကြာညောင်းခဲ့ပြီဖြစ်သည်။ **“စစ်နည်းဗျူဟာ ဘယ်လိုသာလည်း စွဲကိုင်လက်နက် ဘယ်လိုထက်လည်း ပြည်သူ့ခွန်အား မကိုးစားလျှင် ပြည်သူ့နှလုံး မသိမ်းကျုံးလျှင် ဓါးသွားလည်းကြွေ လှံလည်းခွေအံ့”**ဟူသော ဘိုးဘွားတို့၏ သင်ကြားချက်ကို မေ့လျော့နေခဲ့ကြသည်။

NLD သည် ၁၉၉၀ ပြည့်ရွေးကောက်ပွဲများမှတဆင့် ပြည်သူလူထုက အပ်နှင်းလိုက် သော တာဝန်ဝတ္တရားများကို အကောင်အထည်မဖော်နိုင်ခဲ့။ ဤအတွက်လည်း ပြည်သူလူထုကို တရားဝင်တောင်းပန်ခဲ့သည်မှာ ချီးကျူးစရာဖြစ်သည်။ သို့သော် ဘာကြောင့် အကောင်အထည်မဖော်နိုင်ခဲ့သည် ဆိုသည်ကိုမူ ပြန်လည်ဆန်းစစ်ရန်လိုသည်။ ရန်သူစစ်အာဏာရှင်စနစ်၏ ဆိုးဝါးယုတ်မာရက်စက်မှုဟု တချို့ကထောက်ပြပါမည်။ မှန်ပါသည်။ ၅၀ % မှန်ပါသည်။ ကျန် ၅၀ % ကတော့ ရန်သူကြောင့်မဟုတ်ပါ။ မိမိကြောင့်ဖြစ်သည်။ ယခုကာလမှာတော့ ဓမ္မဓိဋ္ဌာန်ကျကျ အပြုသဘောဖြင့် စိစစ်ကျဖို့လိုပါသည်။ ပြည်သူလူထုနှင့် ကင်းကွာ၍ဟု မဆိုရက်တောင်မှ ပြည်သူလူထုနှင့် အောင်ပွဲကို ရယူလောက်အောင် လုံလောက်သည့် ထိတွေ့မှုမရှိ၍ဖြစ်ကြောင်းတော့ သုံးသပ်လိုသည်။

မည်သို့ပင်ဖြစ်စေ အချိန်မနှောင်းပါ။ NLD စည်းရုံးရေးဗိုလ်သုကာ ဦးဝင်းတင် ဦးဆောင်လျက် လူထုနှင့်ထိတွေ့ရန် လုပ်ဆောင်နေမှုများအား ကြိုဆိုအပ်ပါကြောင်း။

# စစ်အစိုးရက နိုင်ငံရေးပါတီတွေအပေါ် တင်းကျပ်တဲ့ဥပဒေပြဋ္ဌာန်း

ဇွန်လ (၂၃) ရက်က ထုတ်ပြန်လိုက်တဲ့ ရွေးကောက်ပွဲကော်မရှင်ရဲ့ ကြေညာချက်အရ နိုင်ငံရေးပါတီများ အတွက် စည်းရုံးလှုံ့ဆော်ရာမှာ တင်းကျပ်တဲ့ဥပဒေတွေဖြစ်တယ်လို့ ပြောဆိုဝေဖန်နေကြပါတယ်။

ရွေးကောက်ပွဲကော်မရှင်ရဲ့ အရင်ကထုတ်ပြန်ပြီးသား စည်းကမ်းအရ ဝင်ရောက်ယှဉ်ပြိုင်မယ့်ပါတီဟာ မှတ်ပုံတင်ခွင့်ပြုလိုက်တဲ့နေ့ကစပြီး ရက် (၉၀) အတွင်း ပါတီဝင်ဦးရေ (၁၀၀၀) ရှိရမှာဖြစ်ပြီး ဒေသဆိုင်ရာပါတီတွေကတော့ အနည်းဆုံး ပါတီဝင်ဦးရေ (၅၀၀) ရှိရမှာဖြစ်တယ်လို့ ဆိုထားပါတယ်။

ရွေးကောက်ပွဲဝင်မယ့်ပါတီတွေကို ကန့်သတ်ထားတဲ့ဥပဒေပါ ကြေညာချက်တွေကတော့ နိုင်ငံရေးပါတီတွေအနေနဲ့ သတ်မှတ်ထားတဲ့နေရာတွေမှာ စုရုံးဟောပြောခွင့်တွေကို ရွေးကောက်ပွဲကော်မရှင်ရုံးခွဲတွေမှာ တပတ်ကြိုတင်ခွင့်ပြုချက်ယူရမှာဖြစ်ပြီး စုဝေးမယ့်နေရာကို သွားရာမှာလည်း အလံတွေကိုင်ဆောင်သွားတာ၊ အစုအဝေးလိုက် ချီတက်လှည့်လည်တာ၊ ကြွေးကြော်တာတွေ မပြုလုပ်ရဘူးလို့ ဆိုထားပါတယ်။

အဲဒီအပြင် ရွေးကောက်ပွဲဝင်မယ့်ပါတီတွေဟာ အစိုးရရုံးတွေ၊ အဖွဲ့အစည်းတွေ၊ စက်ရုံ၊ အလုပ်ရုံနဲ့ အလုပ်ဌာနတွေ၊ ဈေး၊ အားကစားကွင်း၊ သာသနာနဲ့ဆိုင်တဲ့ အဆောက်အဦးနေရာ၊ စာသင်ကျောင်း၊ ပြည်သူ့ဆေးရုံစတာတွေကို အနှောက်အယှက်မဖြစ်စေရလို့လည်း ကန့်သတ်ထားပါသေးတယ်။

နိုင်ငံရေးပါတီတွေရဲ့ ရေးသားဟောပြောချက်တွေမှာလည်း နိုင်ငံတော်ကို အကြည်အညိုပျက်စေရန် ဒါမှမဟုတ် ဂုဏ်သိက္ခာထိပါးစေရန်နဲ့ အစိုးရကို ဆန့်ကျင်ဆန္ဒပြရန်၊ တပ်မတော်ကို ဂုဏ်သိက္ခာထိခိုက်စေရန် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ခြင်းမပြုလုပ်ရလို့ ကော်မရှင်ရဲ့ ကြေညာချက်မှာ ကန့်သတ်ထားပါတယ်။

အခုလိုရွေးကောက်ပွဲကော်မရှင်ရဲ့ ကန့်သတ်ချက်ဥပဒေတွေ ထုတ်ပြန်ပြီးတဲ့နောက်ပိုင်းမှာ နိုင်ငံရေးပါတီတွေနဲ့ စောင့်ကြည့်သူတွေရဲ့ ဝေဖန်သံတွေ တပြိုင်တည်းဆိုသလို ထွက်ပေါ်လာခဲ့ပါတယ်။

♦♦♦

# ရွေးကောက်ပွဲဆန့်ကျင်တဲ့လှုပ်ရှားမှု မြစ်ကြီးနားမြို့နယ်အချို့တွင်လုပ်

စစ်အစိုးရရဲ့ရွေးကောက်ပွဲကို ကန့်ကွက်တဲ့အနေနဲ့ ကချင်ပြည်နယ်အတွင်းက မြို့တချို့မှာ နံရံတွေမှာ စာကပ်တဲ့လှုပ်ရှားမှုကို ဇွန်လ (၁၉) ရက်မှာ ပြုလုပ်ခဲ့ကြပါတယ်။

အဲဒီလှုပ်ရှားမှုကို မြစ်ကြီးနား၊ ဗန်းမော်နဲ့ ဝိုင်းမော်မြို့တွေက လူစည်ကားတဲ့နေရာတွေမှာလိုက်ကပ်တာဖြစ်ပြီး စာရွက်ပေါ်မှာ ၂၀၁၀ ရွေးကောက်ပွဲကို ကြက်ခြေခတ်ထားတာဖြစ်တယ်လို့ စာရွက်လိုက်ကပ်သူထဲက တယောက်က ပြောပါတယ်။

ရွေးကောက်ပွဲဆန့်ကျင်တဲ့ လှုပ်ရှားမှုကို ဦးဆောင်သူတဦးကလည်း ၁၉၉၀ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲရလဒ်ကို အသိအမှတ် မပြုတဲ့အပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကလည်း တိုင်းရင်းသားပြည်သူတွေရဲ့အခွင့်အရေးမပါရှိဘဲ စစ်အစိုးရ အာဏာတည်မြဲရေးကိုသာ ရည်ရွယ်ရေးဆွဲထားတာဖြစ်တဲ့အတွက် အဲဒီဥပဒေနဲ့ ကျင်းပမယ့်ရွေးကောက်ပွဲကို ဆန့်ကျင်ကန့်ကွက်ရတာဖြစ်တယ်လို့ ဦးဆောင်လှုပ်ရှားသူတဦးကပြောတာကို ကချင်သတင်းစဉ်မှာ ဖော်ပြထားပါတယ်။






မျက်နှာဖုံးသတင်းမှ အဆက် ...

ခွင့်အရေးအပြည့်အဝရဖို့ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်မှုနဲ့ အမြန်ဆုံးပြန်ရပါစေ” လို့ ဆုတောင်းခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အတွင်းရေးမှူး ဦးအေးသာအောင်က လည်း “မြန်မာနိုင်ငံမှာ ကျင်းပမယ့် ရွေးကောက်ပွဲဟာ တိုင်းပြည်အတွက် နိုင်ငံရေးပြဿနာကို ဖြေရှင်းပေးမယ့် အဖြေမဟုတ်ဘူးဆိုတာသိတဲ့အတွက် ဒီရွေးကောက်ပွဲအပြီးမှာလည်း အခက်အခဲတွေ အကျပ်အတည်းတွေနဲ့ နိုင်ငံရေးပြဿနာတွေ ရှိနိုင်ပါတယ်။ ဒီပြဿနာတွေအားလုံးကို ညှိညှိနှိုင်းနှိုင်းနဲ့ ဖြေရှင်းနိုင်မယ့်သူက ဒေါ်အောင်ဆန်းစုကြည်ဖြစ်တယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးလွှတ်စေ ချင်တယ်။ လွှတ်ပါစေလို့လည်း ဆုတောင်းပါတယ်။” လို့ အခမ်းအနားမှာ ပြောသွားပါတယ်။

အဲဒီအပြင် အကျဉ်းကျနိုင်ငံရေးသမားတွေရဲ့ မိသားစုဝင်တွေလည်း တက်ရောက်ဆုတောင်းခဲ့ကြပြီး အကျဉ်းကျနိုင်ငံရေးသမားတွေရဲ့ ကလေးငယ် (၁၃၀) အတွက်ကိုလည်း ပညာရေး အထောက်အကူပစ္စည်းတွေ ဝေငှပေးပြီး ၄က်လွှတ်၊ ဆုတောင်းမေတ္တာပို့တာတွေအပြင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိန့်ခွန်းကောက်နုတ်ချက်တွေကိုဖတ်ပြီး လူထုခေါင်းဆောင်ကို ရည်ညွှန်းဖွဲ့သီထားတဲ့ ကဗျာတွေကိုလည်း ရွတ်ဖတ်ခဲ့ကြတယ်လို့ ဦးညဏ်ဝင်းက ပြောပါတယ်။

တချိန်တည်းမှာဘဲ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်၊ မင်္ဂလာဈေးစာသင်တိုက်က သံဃာတော်တွေစုပေါင်းပြီး သပြေ (၆၅) ပင်စိုက်ပြီး မောရသုတ် (၆၅) ခေါက်ရွတ်ဖတ်ခဲ့တယ်လို့ သိရပါတယ်။

ကြည့်မြင်တိုင်မြို့နယ်က အဖွဲ့ချုပ်ဝင်တွေကတော့ အင်းစိန်ထောင်ကို ထောင်ဝင်စာလာတွေကြတဲ့ ထောင်ကျ မိသားစုဝင်တွေကို နိုင်ငံရေး အကျဉ်းကျသူတွေဖတ်ဖို့ သခင်ကိုယ်တော်မှိုင်း၊ လူထုဦးလှစတဲ့ ပုဂ္ဂိုလ်တွေရဲ့ စာအုပ်တွေ ပေးလှူခဲ့ကြကြောင်း သိရပါတယ်။

ရန်ကုန်တိုင်းအတွင်းက အဖွဲ့ချုပ်လူငယ်တွေ၊ ထောက်ခံသူတွေနဲ့ ပဲခူးတိုင်းက လူငယ်တွေကလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့မွေးနေ့ကို ဂုဏ်ပြုတဲ့ အနေနဲ့ သွေးလှူဒါန်းခဲ့ကြပါတယ်။

♦ ♦ ♦

# ကမ္ဘာ့ခေါင်းဆောင်များက မြန်မာ့ခေါင်းဆောင်ရဲ့ (၆၅) နှစ်မြောက်မွေးနေ့ကို အသီးသီးဂုဏ်ပြု



မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၆၅ နှစ်မြောက်မွေးနေ့မှာ ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနဲ့ ကမ္ဘာ့ခေါင်းဆောင်များက မွေးနေ့ဆုမွန်တောင်းဆိုပြီး ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးဖို့ စစ်အစိုးရကို ထပ်မံတောင်းဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ မွေးနေ့မတိုင်ခင်တရက်ကပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ မွေးနေ့ရှင်က နေအိမ်အကျယ်ချုပ်ကျခံနေရဆဲ ဖြစ်တဲ့အတွက် “အလွန်စိုးရိမ်ပူပန်” ဖြစ်ရကြောင်းနဲ့ ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ရွေးကောက်ပွဲမှာ ပါဝင်နိုင်ဖို့အတွက် အမြန်ဆုံးပြန်လွှတ်ပေးသင့်ကြောင်း၊ ရွေးကောက်ပွဲမှာ သက်ဆိုင်သူတွေအားလုံး ပါဝင်သင့်တာကြောင့် နိုင်ငံရေးပါတီတွေနဲ့ ပြည်သူလူထုတရပ်လုံးပါမှသာ အများလက်ခံယုံကြည်ပြီး စစ်မှန်တဲ့ ရွေးကောက်ပွဲအဖြစ် အသိအမှတ်ပြုလက်ခံနိုင်ကြမှာဖြစ်တယ်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောပါတယ်။

အမေရိကန်သမ္မတ အိုဘားမားကတော့ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုတွေအတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ စိတ်ဓာတ်ခိုင်မာပြတ်သားမှု၊ သတ္တိရှိမှု၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှုတွေကို ထုတ်ဖော်ချီးကျူးထားပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးဖို့ကို ကြေညာချက်တစောင် ထုတ်ပြန်တောင်းဆိုလိုက်ပါတယ်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကမ်မရွန်ရဲ့ မွေးနေ့သဝဏ်လွှာမှာတော့ စစ်အစိုးရကြောင့် တိုင်းပြည်မှာဖြစ်လာတဲ့ မတရားမှုတွေဟာ ဒေါ်အောင်ဆန်းစုကြည်ကို သက်တမ်းတိုး အကျဉ်းချလိုက်တဲ့အဖြစ်က ကြေးမုံသဖွယ် ထင်ဟပ်နေပါတယ်လို့ ပါရှိပြီး ဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်းလိုဘဲ သူ့အနေနဲ့လည်း ဒေါ်အောင်ဆန်းစုကြည်ကို အရင်ကတည်းက ကြည်ညိုလေးစားသူဖြစ်တာကြောင့် မြန်မာပြည်သူတွေရဲ့ အနာဂတ် လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေးတွေကို အပြည့်အဝခံစားလာနိုင်တဲ့အထိ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်သလို နှစ်နိုင်ငံချင်းလည်း ဆောင်ရွက်သွားမှာဖြစ်တယ်လို့ ရေးသားထားပါတယ်။

အလားတူပဲ တောင်အာဖရိကနိုင်ငံမှာပြုလုပ်တဲ့ ကမ္ဘာ့ခေါင်းဆောင်ဟောင်းများအဖွဲ့ The Elders ကလည်း မွေးနေ့အထိမ်းအမှတ်အဖြစ် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့တယ်လို့သိရပါတယ်။

“တဦးနဲ့တဦးအကြား ဆွေးနွေးမှုနဲ့ ရင်ကြားစေ့ရေးမလုပ်ဘဲ ငြိမ်းချမ်းရေးနဲ့ရသင့်ရထိုက်တဲ့ သာယာဝပြောမှုကို ဘယ်တော့မှရနိုင်မှာ မဟုတ်ပါဘူး” လို့ The Elders အဖွဲ့ရဲ့ ဥက္ကဋ္ဌ ဒက်စ်မွန်တူးတူးက အဖွဲ့ရဲ့ ကြေညာချက်မှာ ရေးသားဖော်ပြထားပါတယ်။

> **“ တဦးနဲ့တဦးအကြား ဆွေးနွေးမှုနဲ့ ရင်ကြားစေ့ရေးမလုပ်ဘဲ ငြိမ်းချမ်းရေးနဲ့ ရသင့်ရထိုက်တဲ့ သာယာဝပြောမှုကို ဘယ်တော့မှရနိုင်မှာမဟုတ်ပါဘူး**

ဒီအဖွဲ့ကို တောင်အာဖရိက သမ္မတဟောင်း နယ်လ်ဆင်မန်ဒဲလ်လားက ၂၀၀၇ ခုနှစ်မှာ တည်ထောင်ခဲ့ပြီး ဩဇာတိက္ကမကြီးမားတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေ ပါဝင်ကြပါတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်၊ အမေရိကန်သမ္မတဟောင်း ဂျင်မီကာတာ၊ အာဖရိကဘုန်းတော်ကြီး ဒက်စ်မွန်တူးတူး စသူတို့က အခမ်းအနားကို တက်ရောက်ခဲ့ကြပြီး ဒေါ်အောင်ဆန်းစုကြည်အတွက် ရည်စူးထားတဲ့ ထိုင်ခုံလွတ်တလုံးကို ပြင်ဆင်နေရာချထားပေးတယ်လို့လည်း သိရပါတယ်။

ဥရောပပါလီမန်အမတ်များရဲ့ မြန်မာ့အရေးအဖွဲ့ကလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့မွေးနေ့ အထိမ်းအမှတ်အနေနဲ့ ကြေညာချက်တစောင် ထုတ်ပြန်ခဲ့ပါသေးတယ်။

အဲဒီကြေညာချက်ဟာ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ကို ဂုဏ်ပြုဖို့အပြင် စစ်အစိုးရကျင်းပဖို့စီစဉ်နေတဲ့ရွေးကောက်ပွဲနဲ့ ရွေးကောက်ပွဲ

စာမျက်နှာ (၉) ကော်လံ (၄) သို့ ...

# ရွေးကောက်ပွဲဝင်မည့်ပါတီ လူထုကိုယ်စားပြုမဟုတ်ဟု ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ ကြေညာ

စစ်အစိုးရရဲ့ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ မှတ်ပုံတင်ထားတဲ့ ဝ ဒီမိုကရက်တစ်ပါတီ WDP ဟာ လူထုအတွက် အကျိုးပြုမယ့်ပါတီ မဟုတ်ဘူးလို့ သြဇာရှိတဲ့ ဝ ခေါင်းဆောင်တဦးက ပြောလိုက်ပါတယ်။

ဝ နိုင်ငံရေးပါတီ (၃) ခုရှိတဲ့ အနက် ဦးပေါက်ယူချမ်းဦးဆောင်တဲ့ ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ UWSP က ရွေးကောက်ပွဲဝင်မှာ မဟုတ်ဘူးလို့ ကြေညာထားတာကြောင့် ကျန်ပါတီနှစ်ခုဖြစ်တဲ့ ဝ အမျိုးသားညီညွတ်ရေးပါတီနဲ့ ဝ ဒီမိုကရက်တစ်ပါတီတို့က ရွေးကောက်ပွဲ ကော်မရှင်ရဲ့ ခွင့်ပြုချက်ရထားပြီး ရွေးကောက်ပွဲအတွက်ပြင်ဆင်နေတဲ့ပါတီတွေ ဖြစ်ကြပါတယ်။

ဝ ဒီမိုကရက်တစ်ပါတီ (WDP) ဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီက လူဟောင်းတွေနဲ့ ဖွဲ့စည်းထားပြီး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအဖြစ် ၁၉၉၀ ခုနှစ်က ရွေးကောက်ပွဲမှာ ပါဝင်ခဲ့တဲ့သူတွေဖြစ်တဲ့အပြင် ကြံ့ခိုင်ဖွံ့ဖြိုးရေး အသင်းဝင်တွေလည်းဖြစ်တာကြောင့် နအဖရဲ့ ကျောထောက်နောက်ခံပြုထားတဲ့ ပါတီ ဖြစ်တယ်လို့ ဝ အသိုင်းအဝိုင်းမှာ သြဇာရှိတဲ့ပုဂ္ဂိုလ်က သျှမ်းသံတော်ဆင့်ကို ပြောပါတယ်။

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS ရဲ့ (၁၀) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကြေညာချက်တစောင်ကို မေလ (၂၆) ရက်က ထုတ်ပြန်ခဲ့ပါတယ်။ ကြေညာချက်မှာ (၂၀၁၀) ရွေးကောက်ပွဲနဲ့ ပါဝင်ယှဉ်ပြိုင်မယ့် နိုင်ငံရေးပါတီအသစ်တွေကို အသိအမှတ်မပြု၊ ထောက်ခံမှာမဟုတ်ကြောင်းနဲ့ နအဖစစ်အုပ်စု ကျောထောက်နောက်ခံပြုထားတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းတို့မှာ ပါဝင်နေကြတဲ့ ရှမ်းပြည်သူလူထုနဲ့ ရပ်မိရပ်ဖတို့ကိုလည်း အတည်ပြုထောက်ခံမှာမဟုတ်တဲ့အကြောင်း ဖော်ပြပါရှိပါတယ်။

ရွေးကောက်ပွဲအတွက် ရှမ်းပြည်တောင်ပိုင်းကို စည်းရုံးရေးဆင်းဖို့ ပြင်ဆင်နေကြတဲ့အဖွဲ့တွေကတော့ ကျားဖြူပါတီခေါ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ SNDP ၊လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပအိုဝ်အမျိုးသားအဖွဲ့ချုပ်၊ အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီတို့ ဖြစ်ကြပါတယ်။

RCSS ရဲ့ ကြေညာချက် ထွက်လာပြီးတဲ့နောက်ပိုင်းမှာတော့ ကျားဖြူပါတီခေါ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ အပါအဝင် အခြားနိုင်ငံရေးပါတီတွေကို ထောက်ခံအားပေးဖို့ အရမ်းအားနည်းနေပြီး ရှမ်းပြည်တောင်ပိုင်းကို စည်းရုံးရေးဆင်းဖို့ကိုလည်း ကြောက်ရွံ့နေကြတယ်လို့ SNDP ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဝင်တဦးက ရှမ်းသံတော်ဆင့်ကို ပြောပါတယ်။



# မွန်ပြည်သစ်ပါတီ စစ်အစိုးရနဲ့ မဆွေးနွေးတော့ကြောင်း ဆုံးဖြတ်




**အခမ်းအနားတခုတွင်တွေ့ရသောမွန်ပြည်သစ်တပ်ဖွဲ့**

မြန်မာစစ်အစိုးရရဲ့ နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စကို ဆွေးနွေးဖို့မလိုအပ်တော့ကြောင်း မွန်ပြည်သစ်ပါတီက ပြောလိုက်ပါတယ်။

> **မွန်အမျိုးသားတွေအတွက် အာမခံချက် တစုံတရာမရှိဘဲနဲ့ လက်နက်စွန့်ခိုင်းတာ၊ တပ်အသွင်ပြောင်းတာတို့၊ တပ်နဲ့ ပါတီကို ခွဲခြားတာတို့ ပါတီက လက်ခံမှာ မဟုတ်ဘူး**

မကြာခင်ကမှ ကျင်းပပြီးစီးသွားတဲ့ မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်အရ အခုလိုကြေညာလိုက်တာလည်း ဖြစ်ပါတယ်။

မွန်ပြည်သစ်ပါတီအနေနဲ့ အခုလို ဆုံးဖြတ်ချက်ချပြီးတဲ့နောက်ပိုင်းမှာ နအဖအစိုးရနဲ့ မွန်ပြည်သစ်ပါတီအကြား ဆက်ဆံနိုင်ဖို့အတွက် ပါတီဗဟိုကော်မတီဝင်တဦးကို မော်လမြိုင်မြို့မှာ တာဝန်ပေးအပ်ထားပါတယ်။

"တွေ့ဆုံဆွေးနွေးပြီး နိုင်ငံရေးပြဿနာတွေအတွက် အဖြေရှာသွားဖို့ နအဖကိုရော၊ နောင်တက်လာမယ့် အစိုးရကိုပါ မွန်ပြည်သစ်က ဆက်လက်တောင်းဆိုသွားမှာပါ။ မွန်အမျိုးသားတွေအတွက် အာမခံချက်တစုံတရာမရှိဘဲနဲ့ လက်နက်စွန့်ခိုင်းတာ၊ တပ်အသွင်ပြောင်းတာတို့၊ တပ်နဲ့ပါတီကိုခွဲခြားတာတို့ ပါတီက လက်ခံမှာမဟုတ်ဘူး။ ဒါက မွန်ပြည်သစ်ရဲ့ ရှေ့ရပ်တည်ချက်တွေပါ"လို့ မွန်ပြည်သစ်ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်တဦးက ခေတ်ပြိုင်သတင်းဂျာနယ်ကို ပြောပါတယ်။

မွန်ပြည်သစ်ပါတီရဲ့ သဘောထားနဲ့ပတ်သက်ပြီးတော့ မြန်မာ စစ်အစိုးရဖက်က တစုံတရာ တုန့်ပြန်ပြောဆိုခြင်းမရှိသေးပေမယ့်၊ နှစ်ဖက်အကြားမှာအခြေအနေတွေ တင်းမာလာတာကြောင့် မွန်ပြည်သစ်ပါတီရုံးတွေနဲ့ပါတီဝင်တွေကို ထိန်းချုပ်နယ်မြေတွေဆီ ပြောင်းရွှေ့ထားလိုက်ပြီး နယ်စပ်ဒေသမှာနေထိုင်ကြတဲ့ ဒေသခံ (၁၀၀၀) ကျော်ကိုလည်း ဘေးလွတ်ရာဆီ တိမ်းရှောင်စေခဲ့ပါတယ်။

မွန်ပြည်သစ်ပါတီသည် ၁၉၉၅ ခုနှစ်က စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲခဲ့ပြီး စစ်အုပ်စုရေးဆွဲခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံခြင်းမရှိတဲ့အပြင် (၂၀၁၀) ရွေးကောက်ပွဲကိုလည်း ဝင်ရောက်အရွေးခံမှာ မဟုတ်ဘူးလို့ အတိအလင်းကြေညာထားတဲ့ အပစ်ရပ်အဖွဲ့လည်းဖြစ်ပါတယ်။

♦♦♦

# ဒေါ်အောင်ဆန်းစုကြည်ကျခံနေရတဲ့ပြစ်ဒဏ်

# နိုင်ငံတကာဥပဒေနဲ့ မညီဟု ကုလထုတ်ပြန်



အမေရိကန်နိုင်ငံသားတဦး နေအိမ်ဝန်းအတွင်း ရေကူးဝင်ခဲ့တာနဲ့ပတ်သက်ပြီး နေအိမ်အကျယ်ချုပ်စည်းကမ်းချိုးဖောက်မှုနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို စီရင်ချက်ချခဲ့တာဟာ တရားမဝင်ဘူးလို့ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာအခြေစိုက် ကုလသမဂ္ဂရဲ့ မတရားဖမ်းဆီး အကျဉ်းချမှုများဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့က ဆုံးဖြတ်ချက်ချလိုက်တာဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာချက် အပိုဒ် ၉၊၁၀၊၁၉ နဲ့ ၂၀ တို့ကိုချိုးဖောက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ထပ်မံ အကျဉ်းချထားတာဟာ နိုင်ငံတကာဥပဒေကိုချိုးဖောက်နေတာဖြစ်တဲ့အတွက် ချက်ချင်းပြန်လွှတ်ပေးဖို့ မေလ (၇) ရက်နေ့စွဲနဲ့ ထုတ်ပြန်တဲ့စာမှာ ဖော်ပြထားပြီး ကုလသမဂ္ဂလူ့အခွင့်အရေး ပဋိဉာဉ်စာတမ်းပါ အချက်အလက်တွေနဲ့ အခြေခံမူတွေကို လေးစားလိုက်နာဖို့ကိုလည်း (Working Group on Arbitrary Detention)အဖွဲ့က ဆုံးဖြတ်ချက်ချ တောင်းဆိုထားပါတယ်။

ဒီဆုံးဖြတ်ချက်ကို ရုရှား၊ နော်ဝေ၊ ချီလီ၊ ပါကစ္စတန်၊ ဆီနီဂေါ စတဲ့နိုင်ငံတွေက လူ့အခွင့်အရေးကျွမ်းကျင်သူတွေ စုပေါင်းဆုံးဖြတ်ခဲ့တာဖြစ်ပြီး မြန်မာစစ်အစိုးရကိုလည်း အကြောင်းကြားလိုက်ပါတယ်။

တဆက်တည်းမှာဘဲ ကုလသမဂ္ဂရဲ့ အခုလိုအရေးကြီးတဲ့ ဆုံးဖြတ်ချက်ကို ဝါရှင်တန်မှာ အခြေစိုက်ပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံတကာရှေ့နေအဖြစ် ဆောင်ရွက်နေတဲ့အပြင် အခုအမှုကိုတိုင်ကြားခဲ့တဲ့ ( Freedom Now) အဖွဲ့က Mr. Jared Genser ဆီကိုလည်း ကုလသမဂ္ဂရဲ့ မတရားဖမ်းဆီး အကျဉ်းချမှုဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့က အတည်ပြုစာကို ဇွန်လ (၁၆) ရက်က ပေးပို့လိုက်ပါတယ်။

၂၀၀၉ ခုနှစ် ဩဂုတ်လက ဒေါ်အောင်ဆန်းစုကြည်ကို အကျဉ်းချခဲ့တာဟာ နိုင်ငံတကာဥပဒေကို ချိုးဖောက်တာဖြစ်ပြီး တရားဝင်မှုလည်း မရှိတာကြောင့် ကုလသမဂ္ဂအဖွဲ့အစည်းတခုက အခုလို အမြန်ပြန်လွှတ်ပေးဖို့တောင်းဆိုထားတာကို အတည်ပြုလိုက်တာဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ရှေ့နေ မစ္စတာဂင်ဆာက အာရ်အက်ဖ်အေကို ပြောပါတယ်။

ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာ ကင်တားနားကလည်း ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့ ကိစ္စက မြန်မာ့နိုင်ငံရေးအခြေအနေနဲ့ လူ့အခွင့်အရေးအခြေအနေ တိုးတက်ဖို့အတွက် ခြေလှမ်းအစဖြစ်တယ်လို့ မကြာခဏပြောဆိုခဲ့သလို လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုလည်း ကုလသမဂ္ဂအနေနဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့ပြီး စစ်ဆေးဖို့ ပန်ကြားထားပါတယ်။ အခုလည်း ကုလသမဂ္ဂ အလုပ်အဖွဲ့ရဲ့အကြံပြုချက်အတိုင်း ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးဖို့ မြန်မာစစ်အစိုးရကို တိုက်တွန်းထားပါတယ်။

မြန်မာစစ်အစိုးရဟာ မကြာခင်က နျူကလီးယားကိစ္စနဲ့ပတ်သက်လို့ ငြင်းချက်ထုတ်လိုက်ပြီး သူတို့အနေနဲ့ကုလသမဂ္ဂကြေညာစာတမ်းပါ အချက်တွေကို လိုက်နာပါတယ်လို့ ပြောတာဟာ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်မပေးမချင်း လိုက်နာတယ်လို့ ပြောလို့မရကြောင်းနဲ့ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ဖို့အတွက်ကိုလည်း အခုလို ကုလသမဂ္ဂရဲ့ နည်းလမ်းတွေအပါအဝင် အခြားဖြစ်နိုင်ခြေရှိတဲ့ နည်းလမ်းအားလုံးကို အသုံးပြုသွားမှာဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေဖြစ်တဲ့ ဂျဲရက်ဒ်ဂျန်ဆာကလည်း ပြောပါတယ်။

ဒါ့အပြင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၆၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အနေနဲ့ ကမ္ဘာ့ခရစ်ယာန် ဘာသာ သွေးစည်းညီညွတ်ရေးအဖွဲ့ကလည်း မြန်မာအစိုးရရဲ့ လူသားမျိုးနွယ်တွေအပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုတွေကို ကုလသမဂ္ဂအနေနဲ့ စုံစမ်းစစ်ဆေးဖို့ တောင်းဆိုလိုက်ပြီး မြန်မာစစ်အစိုးရကို နိုင်ငံတကာက လက်နက်ရောင်းချမှု ပိတ်ပင်ဖို့ကိုလည်း တိုက်တွန်းလိုက်ပါတယ်။

တဆက်တည်းမှာပဲ တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘာဂ့်မြို့မှာ လုပ်တဲ့ ကမ္ဘာ့ဝါရင့်ခေါင်းဆောင်တွေရဲ့ အစည်းဝေးမှာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်၊ တောင်အာဖရိကသမတဟောင်း နယ်လ်ဆင်မန်ဒဲလား၊ အမေရိကန်သမတဟောင်း ဂျင်မီကာတာ စတဲ့ ကမ္ဘာ့ခေါင်းဆောင်ဟောင်းတွေက ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် မြန်မာ့အိမ်နီးချင်းနိုင်ငံတွေကို ဝိုင်းဝန်းဖိအားပေးကြဖို့ကိုလည်း တိုက်တွန်းလိုက်ပါတယ်။

# မဲမပေးတာဟာလည်း ဥပဒေအရ အခွင့်အရေးပဲ

# ဒေါ်အောင်ဆန်းစုကြည်ကို
## ခြွင်းချက်မရှိ လွှတ်ပေးဖို့ နိုင်ငံစုံပါလီမန်အမတ်များ တောင်းဆို



နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မွေးနေ့မတိုင်ခင်နဲ့ မွေးနေ့လွန်ကာလတလျှောက်လုံးမှာ ကမ္ဘာ့ဒေသအသီးသီးက နိုင်ငံ့ခေါင်းဆောင်တွေရဲ့ တောင်းဆိုသံအမျိုးမျိုး ထွက်ပေါ်လာခဲ့ပါတယ်။

မြန်မာစစ်ခေါင်းဆောင်တွေအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို လုပ်ဆောင်ဖို့ ရွေးကောက်ပွဲမတိုင်ခင်မှာ ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ပြန်လွှတ်ပေးပြီး တွေ့ဆုံဆွေးနွေးရေးတွေလုပ်ဖို့ ဂျပန်လွှတ်တော်အမတ်များအဖွဲ့က စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို ဇွန်လ (၁၉) ရက်က စာရေးသားတောင်းဆိုလိုက်ပါတယ်။

မြန်မာ့ဒီမိုကရေစီအရေးကို ထောက်ခံအားပေးတဲ့ ဂျပန်လွှတ်တော်အမတ် (၈၇) ဦးက အခုလို စာရေးသား တောင်းဆိုထားတဲ့မိတ္တူကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းဆီကိုလည်း ပို့လိုက်တယ်လို့ သတင်းတွေမှာ ရေးသားထားပါတယ်။

တချိန်တည်းမှာပဲ ဩစတြေးလျပါလီမန်သုံးရပ်နဲ့ ပြည်ထောင်စုအထက်လွှတ်တော်ကြီးကလည်း စစ်အစိုးရရဲ့ ရွေးကောက်ပွဲကို အသိအမှတ်မပြုဖို့ ဩစတြေးလျအစိုးရကို တောင်းဆိုလိုက်ပါတယ်။

အဲဒီတောင်းဆိုချက်ကိုပဲ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့နဲ့ ဩစတြေးလျနိုင်ငံ အခြေစိုက် မြန်မာ့အရေးဆောင်ရွက်နေကြတဲ့အဖွဲ့တွေက ထပ်ဆင့်အတည်ပြုတောင်းဆိုလိုက်ပါတယ်။

အလားတူပဲ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာတိုးမတ်စ်အိုဟေးကွင်တားနားကလည်း ဒေါ်အောင်ဆန်းစုကြည်ကို ချွင်းချက်မရှိ အမြန်ပြန်လွှတ်ပေးဖို့ စစ်အစိုးရကို ဇွန်လ (၁၇) ရက်က ကြေညာချက်ထုတ်တောင်းဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းထားတာဟာ နိုင်ငံတကာ တရားဥပဒေကို ချိုးဖောက်တာဖြစ်တယ်လို့ ကုလသမဂ္ဂ လူ့အခွင့်အရေးလုပ်ငန်းအဖွဲ့က ကြေညာချက်ထုတ်ပြီးတဲ့နောက် မစ္စတာ ကွင်တားနားအနေနဲ့ အခုလို ကြေညာချက်ထုတ်ပြီး တောင်းဆိုလိုက်တာလည်းဖြစ်ပါတယ်။

ကြေညာချက်မှာ ယုံကြည်ချက်ကြောင့် အကျဉ်းကျနေရသူတွေအားလုံးကိုလွှတ်ပေးပြီးတော့ အားလုံးပါဝင်နိုင်တဲ့ ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်ဖို့နဲ့ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ဖို့ဆိုတဲ့ နိုင်ငံတကာ ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့အညီ ရိုးရိုးသားသား လိုက်နာဖို့ကိုလည်း စစ်အစိုးရကို တိုက်တွန်းထားပါတယ်။

# မြန်မာနိုင်ငံအရေး အထက်လွှတ်တော်
## အမတ်ကိုယ်စားလှယ် အဖွဲ့ချုပ်ခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေး

### “ ရွေးကောက်ပွဲဟာ တိုင်းပြည်ရဲ့အဖြေ မဟုတ်ဘူး



**အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီ**

အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီရဲ့လက်ထောက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်တွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်တွေနဲ့ ဇွန်လ (၂၂) ရက်မှာ တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့အထက်လွှတ်တော်အမတ်နဲ့ နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌလည်းဖြစ်၊ အမေရိကန်ပြည်ထောင်စုရဲ့ သမ္မတလောင်းလည်းဖြစ်ခဲ့တဲ့ ဂျွန်ကယ်ရီဟာ မြန်မာ့အရေးအတွက် သူ့ရဲ့လက်ထောက်ဖြစ်တဲ့ မစ္စရော်ဘင်လာနာကို စေလွှတ်ပြီး အဖွဲ့ချုပ်ခေါင်းဆောင်တွေနဲ့အမေရိကန် သံမှူးရဲ့နေအိမ်မှာ တွေ့ဆုံစေခဲ့ပါတယ်။

ကိုယ်စားလှယ်အနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP တို့ရဲ့ ရှေ့ဆက်ရမယ့် နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာ ဘယ်လိုပုံသဏ္ဍာန်နဲ့ရပ်တည်မှာလဲဆိုတာ သိချင်တဲ့အကြောင်းကိုတော့ ရှေ့ဆက်ရမယ့် နိုင်ငံရေးမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးက အရေးကြီးတဲ့အကြောင်းတွေကိုရှင်းပြပြီး စစ်အစိုးရကျင်းပမဲ့ ရွေးကောက်ပွဲကလည်း နိုင်ငံရေး ပြေလည်စေမဲ့အဖြေမဟုတ်တာကို ရှင်းလင်းပြောပြခဲ့တဲ့တယ်လို့ အဖွဲ့ချုပ်ရဲ့ ဒုတိယ ဥက္ကဋ္ဌဦးတင်ဦးက ပြောပါတယ်။

ရွေးကောက်ပွဲပြီးတဲ့နောက်ပိုင်းမှာ ဘာတွေဖြစ်လာနိုင်မလဲဆိုတာနဲ့ ပတ်သက်လို့တော့ “အချိန်လည်းစောသေးတဲ့အပြင် နိုင်ငံရေးအရ အပြောင်းအလဲတွေ၊ ဖြစ်ပေါ်တိုးတက်မှုတွေရှိလာနိုင်တဲ့အတွက်ကြိုပြောလို့မရသေးဘူး”လို့ဖြေခဲ့တဲ့အကြောင်း ဦးဉာဏ်ဝင်းက ပြောပါတယ်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ပတ်သက်လို့ ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာနဲ့ ပတ်လို့တော့ “ရွေးကောက်ပွဲဟာ တိုင်းပြည်ရဲ့ အဖြေမဟုတ်ဘူး။ အဲတော့ ရတဲ့အခွင့်အရေးကြားထဲက ရွေးကောက်ပွဲ မတိုင်ခင်မှာ ဖြစ်အောင်ကြိုးစားမယ်။ ဒီလိုမှမဟုတ်ဘဲနဲ့ ရွေးကောက်ပွဲကို တဖက်သတ်ကျင်းပသွားမယ် ဆိုရင်တော့ ရွေးကောက်ပွဲအပြီးမှာလည်း ဆက်ပြီးတော့ အဲန်အယ်လ်ဒီ အပါအဝင် ရွေးကောက်ပွဲကိုမဝင်တဲ့၊ ပါတီမှတ်ပုံမတင်တဲ့ တိုင်းရင်းသား ပါတီများက လက်တွဲပြီးတော့ ကြိုးပမ်းဆောင်ရွက်သွားမယ်”လို့ ဦးအေးသာအောင်ပြောသွားတာကို ဒီဗွီဘီ စာမျက်နှာမှာ ဖော်ပြထားပါတယ်။

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီဝင်တွေ၊ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေနဲ့ အခုတွေ့ဆုံဆွေးနွေးခဲ့ရသမျှတွေကို မစ္စရော်ဘင်လာနာက အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီထံကို ပြန်လည် တင်ပြသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘာ့အဆိုးဝါးဆုံး အာဏာရှင် စာရင်းမှာ တတိယနေရာကရှိ



၂၀၁၀ ခုနှစ်အတွက် ကမ္ဘာ့အဆိုးတကာ့အဆိုးဆုံး အာဏာရှင်များနဲ့ နိုင်ငံခေါင်းဆောင် (၂၃) ယောက်ထဲမှာ မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တတိယနေရာမှာ ရှိနေတယ်လို့ သိရပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးအတွက် ငြိမ်းချမ်းတဲ့နည်းနဲ့ လုပ်ဆောင်နေသူတွေကို ရက်ရက်စက်စက်နှိမ်နင်း ဖမ်းဆီးထောင်ချတာ၊ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူပေါင်း တသိန်းလေးသောင်းနီးပါးသေဆုံးပြီး ၂.၅ သန်းလောက် အတိဒုက္ခတွေနဲ့ရင်ဆိုင်နေရတဲ့အချိန်မှာ နိုင်ငံတကာက လူသားချင်း စာနာထောက်ထားပြီး ပေးပို့တဲ့ အထောက်အပံ့တွေကို ငြင်းပယ်ခဲ့တာ၊ သဘာဝဓာတ်ငွေ့တွေ ပြည်ပကိုရောင်းချရာက မှောင်ခိုဈေးကွက်နဲ့ အစိုးရတရားဝင်ငွေလဲနှုန်းကွာဟချက်အပေါ် အကျိုးအမြတ် ရယူနေတာတွေကို ထောက်ရှုပြီး အခုလို ကမ္ဘာ့အဆိုးဝါးဆုံး အာဏာရှင် စာရင်းမှာ တတိယနေရာက သတ်မှတ်လိုက်ရတာဖြစ်တယ်လို့ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်အခြေစိုက် Foreign Policy မဂ္ဂဇင်းရဲ့ ဇူလိုင်နဲ့ ဩဂုတ်လထုတ်စာမျက်နှာမှာ ရေးသားဖော်ပြထားပါတယ်။

ဒါ့အပြင် ဗိုလ်ချုပ်သန်းရွှေဟာ အသည်းနှလုံးကင်းမဲ့တဲ့စစ်အာဏာရှင်တဦးဖြစ်ပြီး တိုင်းပြည်အာဏာကိုလည်း ၁၈ နှစ်ကြာ တဦးတည်းချုပ်ကိုင်ထားသူဖြစ်တယ်လို့ ဖော်ပြထားပါသေးတယ်။

ကမ္ဘာ့အာဏာရှင်စာရင်းအရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ရှေ့မှာ ဇင်ဘာဘွေသမတ ရောဘတ်မူဂါဘီနဲ့ ပထမနေရာမှာရှိနေတာကတော့ မြောက်ကိုရီးယားသမတ ကင်မ်ဂျုံအီးလ် ဖြစ်ပါတယ်။

Foreign Policy Magazine က ယခုနှစ်အတွက် အဆိုးတကာ့ အဆိုးဆုံး အာဏာရှင်စာရင်းအရ ယူဂန်ဒါ၊ ရဝမ်ဒါ၊ ကျူးဘား၊ တရုတ်၊ အီရန်၊ ဗင်နီဇွဲလား၊ ဆူဒန်၊ အီသီယိုးပီးယားနဲ့ အီဂျစ်နိုင်ငံတွေလည်း ပါဝင်တယ်လို့ ရေးသားထားပါတယ်။

♦♦♦

**ကမ္ဘာ့ခေါင်းဆောင်များမှ အဆက် ...**

ဥပဒေတွေကို လက်မခံတဲ့ အကြောင်း မြန်မာအစိုးရသိဖို့ ရည်ရွယ်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွတ်ပေးဖို့နဲ့ အဖွဲ့အစည်းပေါင်းစုံပါတဲ့ စစ်မှန်တဲ့နိုင်ငံရေးဆွေးနွေးမှုတွေလုပ်ဖို့၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ဖို့တွေကို ဥရောပပါလီမန်အမတ်တွေက စစ်အစိုးရကို ထည့်သွင်းတောင်းဆိုထားပါတယ်။

အိန္ဒိယပါလီမန်အမတ်များအဖွဲ့ (IPFDB) ကလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့မွေးနေ့မှာ မွေးနေ့ရှင်နဲ့တကွ နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်ပြန်လွှတ်ပေးဖို့နဲ့ မြန်မာနိုင်ငံအရေးကို အလေးအနက်ထား ကူညီဆောင်ရွက်ပေးကြဖို့နဲ့ ရွေးကောက်ပွဲမတိုင်ခင် တွေ့ဆုံဆွေးနွေးရေးလုပ်နိုင်ဖို့ မြန်မာစစ်အစိုးရကို ဝိုင်းဝန်းဖိအားပေးကြပါလို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းရဲ့ မြန်မာ့အရေးဆိုင်ရာ မိတ်ဆွေနိုင်ငံများအဖွဲ့က နိုင်ငံ့ခေါင်းဆောင်တွေဆီကို လိပ်စာမူထားတဲ့စာကို ပေးပို့လိုက်တယ်လို့ သိရပါတယ်။

♦♦♦

**စာမျက်နှာ (၉) ကော်လံ (၁) မှ အဆက် ...**

နယ်တွေကတောင်မှ ပိုတောင်တွေ့ရတယ်။" လို့ ခရီးစဉ်အတွင်းမှာ ဦးဝင်းတင်က ပြောသွားတာပါ။

အခုလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ကရင်ပြည်နယ် အတွင်းကို ခေါင်းဆောင်များကိုယ်တိုင် အားပေးကူညီနိုင်ဖို့ လာရောက်ခဲ့တဲ့အတွက် အားရကျေနပ်ရပါတယ်လို့ ဖားအံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နန်းခင်ထွေးမြင့်က ပြောတာကိုလည်း ဒီဗွီဘီမှာဖော်ပြထားပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေဖြစ်ကြတဲ့ ဦးဝင်းတင်၊ ဦးဟံသာမြင့်တို့ဦးဆောင်တဲ့အဖွဲ့ဟာ ဇွန်လ (၂၁) ရက်က ကရင်ပြည်နယ် လှိုင်းဘွဲ့၊ ဖားအံမြို့တို့ကို လှည့်လည်ခဲ့ပြီးတော့ အဖွဲ့ချုပ်ဝင်တွေနဲ့အတူ ရှေ့လုပ်ငန်းစဉ်တွေကို ဆွေးနွေးခဲ့ကြတာဖြစ်ပါတယ်။

♦♦♦

**မဟာမျှဟာရေးဆွဲရေးအတွက်မှ အဆက်...**

ပေါက်ပါတယ်။ ဘယ်လိုများ ကူညီရမလဲဆိုတာကို ကျနော်တို့ ခေါင်းထဲမှာ အမြဲတမ်း ကြံဆနေပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ မြန်မာတပြည်လုံးမှာရှိတဲ့ နယ်စပ်ဒေသတွေမှာ ပြည်တွင်းစစ် (သို့မဟုတ်) ပြည်တွင်းစစ်သဘောဆောင်တဲ့ (သို့မဟုတ်) ရိုက်ခတ်လာတဲ့ ဂယက် အဖြစ်နဲ့ ပြည်သူများ ဒုက္ခရောက်ကြတဲ့နေရာမှာ တပြည်လုံးက နယ်စပ်ဒေသတွေမှာ ကရင်ပြည်လောက် ဆိုးဝါးတဲ့နေရာ မရှိဘူး။

တရုတ်နယ်စပ်မှာဆိုရင်လည်း တရုတ်အစိုးရရဲ့တွန်းအားပေးမှု၊ ဖိအားပေးမှုကြောင့်လားမသိဘူး။ သို့မဟုတ်လို့ရှိရင်လည်း အဲဒီနယ်စပ်ဒေသမှာရှိတဲ့ အပစ်အခတ် ရပ်စဲရေးအဖွဲ့များရဲ့ခေါင်းဆောင်များရဲ့ အမျှော်အမြင်ကြောင့်လားတော့မသိ အခြေအနေက ထိန်းနိုင်တဲ့အနေအထားမှာရှိတယ်လို့ ယူဆပါတယ်။ ပြည်သူတွေဒုက္ခရောက်မှုက နည်းပါတယ်။

ဒါ့အပြင် အခု ကရင်ပြည်နယ် ခရီးစဉ်ဟာ ပါတီစည်းရုံးရေး အတွက်မဟုတ်ပဲ လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေသစ်မှာ အောက်ခြေအဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီး စုစည်းနိုင်မဖို့အတွက် ရည်ရွယ်တာဖြစ်တယ်ဆိုတဲ့အကြောင်းနဲ့ ပါတီမှတ်ပုံမတင်တဲ့အတွက် ရွေးကောက်ပွဲမဝင်ဖြစ်တာကလွဲလို့ ပါတီရဲ့လုပ်ငန်းစဉ်တွေအတိုင်း ဆက်လုပ်နေတာ ဖြစ်တယ်လို့လည်း ပြောပါတယ်။

"လွန်ခဲ့တဲ့လေးငါးလက အခြေအနေနဲ့စာရင် အခုပါတီထုရဲ့နိုးကြားမှု တက်ကြွမှု၊ စိတ်အားထက်သန်မှုက အလွန်ကောင်းတယ်လို့ ကျနော်ပြောနိုင်တယ်ဗျ၊ နယ်မှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေက ပြတ်သားမှုကတော့ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ သဘောထားတွေက အတော်ကို ပြတ်ပြတ်သားသား ခိုင်ခိုင်မာမာရှိပါတယ်။ ဒီ ၂၀၀၈ အခြေခံဥပဒေတည်းဟူသော စစ်ကျွန်ဘဝကိုသက်ဆိုးရှည်စေမယ့် ဒီအခြေခံဥပဒေ အတည်ပြုမယ့်ရွေးကောက်ပွဲမျိုးကို ကျနော်တို့မဝင်ဘူးလို့ ဆုံးဖြတ်တဲ့အတွက် ကျနော်တို့ရဲ့ နိုင်ငံရေးဂုဏ်သိက္ခာ၊ နိုင်ငံရေးသန္နိဋ္ဌာန်ကို ပြည်သူလူထုကနေပြီးတော့ ပိုပြီးတော့ ကျနော်တို့ကို ယုံကြည်လာတယ်။ ကျနော်တို့ကို ထောက်ခံအားပေးမှုတွေ များလာတယ်ဆိုတာကို ရန်ကုန်မှာထက်

စာမျက်နှာ (၉) ကော်လံ (၄) သို့...

# တွေ့ဆုံဆွေးနွေးပွဲများ ပျက်ခဲ့ရတဲ့ စစ်မြစ်

**အောင်စောဦး**



နောက်တပတ်လောက်အကြာမှာ ဗိုလ်မှူးလှမြင့်ဆိုသူထံက ဖုန်းပြန်လာတယ်။ "စုစုက နိုင်ငံရေးမလုပ်ဘူးဆို"လို့ ပြောလာခဲ့တယ်။ ဒေါ်စုကလည်း "စု နိုင်ငံရေးမလုပ်ဘူးဆိုတာဟာ နိုင်ငံခြားမှာနေပြီးတော့ နိုင်ငံရေးမလုပ်မှာ"လို့ ပြန်ပြောလိုက်တယ်။

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ဖြေရှင်းဖို့ တွေ့ဆုံဆွေးနွေးရေးကြိုးစားခဲ့တဲ့ ၁၉၈၈–၂၀၀၃ ခုနှစ်ကာလအတွင်းက အရေးကြီးတဲ့အချက်တွေကို တင်ပြချင်ပါတယ်။ ကာလတွေကိုခွဲခြားကြည့်ရင် ကနဦးကာလ၊ (၈၈) ခု နိုင်ငံရေးပါတီများ ပေါ်ပြီးစကာလ၊ ရွေးကောက်ပွဲမတိုင်မီနဲ့ ရွေးကောက်ပွဲပြီးနောက်ကာလ၊ အမျိုးသားညီလာခံကျင်းပနေစဉ်ကာလ၊ ဒေါ်စု 'ပ'အကြိမ် အကျယ်ချုပ်ခံနေစဉ်ကာလ၊ ဒီပဲရင်းလွန်ကာလဆိုပြီး အဆင့်ဆင့်ရှိခဲ့တယ်။ ဒီနေရာမှာ နမူနာ (၃) ခုလောက်ကိုပဲ ကောက်နုတ်ပြပါမယ်။

**နိုင်ငံရေးပါတီများ မပေါ်ပေါက်သေးတဲ့ ဒီမိုကရေစီရေးလှုပ်ရှားနေတဲ့ ရှစ်လေးလုံးမတိုင်မီကာလ။**

မတ်နဲ့ ဇွန်လ သွေးထွက်သံယိုအရေးခင်းများဖြစ်ပွားပြီးတဲ့နောက် တိုင်းပြည်အခြေအနေ သိပ်ဆိုးနေတဲ့အချိန်ဖြစ်ပါတယ်။ ဒေါ်စုဟာ ရဲဘော်သုံးကျိပ်ဝင်ဟောင်းများ၊ နိုင်ငံရေးသမားဟောင်းကြီးများ၊ ကျောင်းသားသမဂ္ဂခေါင်းဆောင်ဟောင်းများနဲ့ ဆွေးနွေးညှိနှိုင်းပြီး "အတိုင်ပင်ခံကော်မတီတခုဖွဲ့ဖို့ ကြိုးစားနေချိန်လည်းဖြစ်ပါတယ်။ ဇူလိုင်လဆန်း မဆလရဲ့ နောက်ဆုံးအရေးပေါ်ညီလာခံ မကျင်းပမီလေးကပါ။ ဒေါ်စုထံကို ဒေါ်ခင်ကြည်ရဲ့ကျန်းမာရေးနဲ့ပတ်သက်လို့ အမြောက်တပ်က ဗိုလ်မှူးလှမြင့်ဆိုသူက ဖုန်းဆက်လာတယ်။ ဒီမှာတင် ဒေါ်စုက ဦးနေဝင်းနဲ့တွေ့ချင်ကြောင်း၊ တွေ့ဖို့စီစဉ်ပေးစေချင်ကြောင်း ပြောလိုက်တယ်။ နောက်တပတ်လောက်အကြာမှာ ဗိုလ်မှူးလှမြင့်ဆိုသူထံက ဖုန်းပြန်လာတယ်။ "စုစုက နိုင်ငံရေးမလုပ်ဘူးဆို"လို့ ပြောလာခဲ့တယ်။ ဒေါ်စုကလည်း "စု နိုင်ငံရေးမလုပ်ဘူးဆိုတာဟာ နိုင်ငံခြားမှာနေပြီးတော့ နိုင်ငံရေးမလုပ်မှာ"လို့ ပြန်ပြောလိုက်တယ်။ အဲဒီနောက်ပိုင်း ဗိုလ်မှူးလှမြင့်ဆိုသူလည်း ဘာအဆက်အသွယ်မှ မလုပ်တော့ပါဘူး။ ဒါ ဦးနေဝင်းရဲ့သဘောထားဆိုတာ ရှင်းနေတယ်။

**ဒေါ်စု "ပ" အကြိမ် အကျယ်ချုပ်လွတ်မြောက်ပြီးကာလ။**

ဒေါ်စုကို အကျယ်ချုပ်ကလွှတ်လိုက်ကြောင်းလာပြောစဉ်က ဒုတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ဝင်းက "လက်ရှိအခြေအနေမှာ ထိတွေ့မှုနည်း၍ နားလည်မှုနည်းပါးနေကြောင်း၊ မကြာခဏတွေ့ဆုံပြီး အမြင်ချင်းဖလှယ်ခြင်းအားဖြင့် အကောင်းဘက်သို့ဦးတည်နိုင်ကြောင်း" အဓိပ္ပါယ်ပေါက်တဲ့စကားများကို ပြောကြားခဲ့တယ်။ ၁၉၉၅ ခု၊ ဇူလိုင် (၂၇) ရက်နေ့ ညပိုင်းမှာ ဒေါ်စုထံ ဗိုလ်မှူးကြီးကျော်ဝင်းနဲ့ ကကလှမ်းဌာနကြီးမှူး ဒုဗိုလ်မှူးကြီးသန်းထွန်းတို့ လာရောက်တွေ့ဆုံခဲ့တယ်။ မကြာခဏ ပုံမှန်တွေ့ဆုံဖို့ ဒေါ်စုနဲ့အပြန်အလှန်ပြောဆိုခဲ့ကြတယ်။ နောက်ပိုင်း ဗိုလ်မှူးကြီးကျော်ဝင်း အလုပ်များတယ်လို့ အကြောင်းပြချက်နဲ့ မလာရောက်တော့ပဲ ကိစ္စရှိတဲ့အခါ ဒုဗိုလ်မှူးကြီးသန်းထွန်းတဦးတည်းသာ လာတွေ့ခဲ့ တယ်။

ဒုဗိုလ်မှူးကြီးသန်းထွန်းရဲ့ ပြောဆိုချက်အရ တွေ့ဆုံဆွေးနွေးပွဲများဟာ နိုဝင်ဘာလမတိုင်မီ မဖြစ်နိုင်သေးကြောင်းသိခဲ့ရတယ်။ ဒေါ်စုက နိုဝင်ဘာလမှ ဆွေးနွေးပွဲစမယ်ဆိုရင် အလွန်နှောင့်နှေးမယ်၊ အမျိုးသားညီလာခံမကျင်းပမီ ဆွေးနွေးစေလိုကြောင်း ပြောခဲ့တယ်။ ၁၉၉၅ ခု၊ စက်တင်ဘာလ (၈) ရက်နေ့မှာ မယ်ဒလင်းအောဘရိုက် (Ms Madeleine Albright) လာရောက်စဉ်က အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်နဲ့တွေ့ဆုံရာမှာ ၎င်းက တွေ့ဆုံဆွေးနွေးပွဲဖြစ်ရေး ကြိုးစားမှာဖြစ်ကြောင်း၊ နိုဝင်ဘာလကုန်လောက်မှ ဖြစ်နိုင်ဖွယ်ရှိကြောင်း၊ ဒါကို ဒေါ်စုပါ သိရှိလက်ခံထားပြီးဖြစ်ကြောင်း ပြောခဲ့တယ်။ နောက်တနေ့ Ms Albright က ဒေါ်စုနဲ့တွေ့တဲ့အခါ ဒီကိစ္စကို ပြောတော့ ဒေါ်စုက အတွင်းရေးမှူး (၁) ပြောသလိုမဟုတ်ကြောင်း ပြန်ရှင်းပြခဲ့တယ်။

နောက်ရက်အနည်းငယ်အကြာ ဒုဗိုလ်မှူးကြီးသန်းထွန်းက ဒေါ်စုနဲ့ လာရောက်တွေ့ဆုံရာမှာ ဒေါ်စုအနေနဲ့ ဒီကိစ္စကို လက်ခံခဲ့ခြင်းမရှိကြောင်း ဝန်ခံခဲ့တယ်။ နောက်ပိုင်းမှာ ဒေါ်စုက ဒုဗိုလ်မှူးကြီးသန်းထွန်းနဲ့ ဆက်သွယ်ပြီး အဖွဲ့ချုပ်ဝင်လူကြီးများရဲ့ ဆုံးဖြတ်ချက်အရ နဝတနဲ့ အောက်တိုဘာလမတိုင်မီ တွေ့လိုကြောင်းနဲ့ တွေ့မည်ဆိုပါက အောက်တိုဘာလ (၁) ရက်မတိုင်မီ အကြောင်းပြန်ဖို့ ပြောခဲ့တယ်။ ဒါပေမယ့် ဘာမှအကြောင်းမပြန်လို့ စုံစမ်းကြည့်တော့ ဗိုလ်မှူးကြီးကျော်ဝင်းက ဒုဗိုလ်မှူးကြီးသန်းထွန်း ပြည်ပခရီးသွားနေကြောင်း၊ ပြန်လာတဲ့အထိ စောင့်ဆိုင်းစေလိုကြောင်းနဲ့ အမျိုးသားညီလာခံကို နိုဝင်ဘာလ (၂၈) ရက်နေ့သို့ ရွှေ့ထားပြီးဖြစ်ကြောင်း တဆင့်ပြောကြားခဲ့တယ်။

ဒုဗိုလ်မှူးကြီးသန်းထွန်းပြန်လာပြီး ဒေါ်စုနဲ့လာတွေ့တဲ့အခါ ၎င်းက "နိုဝင်ဘာလမတိုင်မီ တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာနိုင်မယ့် လက္ခဏာမရှိသေးဟုပြောခဲ့ခြင်းမဟုတ်ကြောင်း၊ တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရေးကိစ္စကို နိုဝင်ဘာလမတိုင်မီ အဖြေပေးနိုင်ဦးမည်မဟုတ်" ဟုသာ ပြောခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်ပြောခဲ့တဲ့စကားများနဲ့ကွဲလွဲပြီး ပြင်ဆင်ပြောခဲ့တယ်။ ဒေါ်စုက တွေ့ဆုံဆွေးနွေးရေးကို နိုဝင်ဘာ (၁၀) ရက်မတိုင်မီ ပြုလုပ်လိုကြောင်းနဲ့ အဖြေကို နိုဝင်ဘာလ (၁) ရက်နေ့မတိုင်မီ ပြန်ကြားပေးဖို့ပြောခဲ့တယ်။ နိုဝင်ဘာလ (၁) ရက်နေ့မှာ ဒုဗိုလ်မှူးကြီးသန်းထွန်းနဲ့ ဆက်သွယ်ဖို့ကြိုးစား

စာမျက်နှာ (၁၁) ကော်လံ (၁) သို့ ...

တွေ့ဆုံဆွေးနွေးပွဲများမှ အဆက် ...

ခဲ့ရာမှာ ၎င်းက တပ်တွင်း ကထိန်ကိစ္စများနဲ့ပတ်သက်ပြီး အလုပ်များနေတယ်လို့အကြောင်းပြပြီး လာရောက်မတွေ့တော့ဘူး။ နောက်ပိုင်းမှာလည်း ဘာအဆက်အသွယ်မှ မရှိတော့ဘူး။

**ဒီပဲယင်း လုပ်ကြံသတ်ဖြတ်မှုပြီး နောက်ပိုင်း။**

ထောက်လှမ်းရေးသတင်းများအရ ဒေါ်စုကို လုပ်ကြံသတ်ဖြတ်ဖို့ စီစဉ်နေကြကြောင်းကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဗိုလ်ချုပ်ကြီးခင်ညွန့်က သတင်းပေးခဲ့ရာမှာ "ဒါ ငါစီစဉ်တာ" လို့ တပ်ချုပ်ကြီးက ပြန်ပြောပါတယ်။ ဒီပဲယင်းမှာ မအောင်မြင်ရင် စစ်ကိုင်းတံတားမှာလုပ်ကြံဖို့ ယခု နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းရဲ့ ကိုယ်ရေးအရာရှိလုပ်ခဲ့တဲ့ ဗိုလ်ကြီးကျော်တင့်ဆွေကို တပ်ချုပ်ကြီးက တာဝန်ပေးခဲ့တယ်။

နိုင်ငံတကာ ဖိအားများလာတဲ့အတွက် ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ ဒုဗိုလ်ချုပ်မှူးကြီး မောင်အေးတို့က တပ်ချုပ်ကြီးရဲ့အမိန့်မရပဲ ဒေါ်စုကို ဂရမ်ဘာရီနဲ့ စတင်ပေးတွေ့ခဲ့တယ်။ ဒီမှာတင် တပ်ချုပ်ကြီးက စတင်မကျေမနပ်ဖြစ်ပြီး ဗိုလ်ချုပ်ကြီးခင်ညွန့်ကို အယုံအကြည်မဲ့လာခဲ့တယ်။

ဒါပေမယ့် ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်နေ့မှာ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဝန်ကြီးချုပ်ရာထူးလွှဲပေးပြီး ဒီပဲယင်းပြဿနာအပေါ် ပြည်တွင်းပြည်ပ မကျေနပ်မှုများကို ဖြေရှင်းဖို့ လမ်းညွှန်ခဲ့တယ်။

အာဆီယံနိုင်ငံများအတွက် နိုင်ငံခြားရေးဝန်ကြီး ဦးဝင်းအောင် (ထောင်တွင်းကွယ်လွန်) နဲ့ ဒုနိုင်ငံခြားရေးဝန်ကြီး ဦးခင်မောင်ဝင်း၊ အိန္ဒိယနိုင်ငံအတွက် စစ်မဟာဗျူဟာလေ့လာရေးဌာနမှ ဗိုလ်မှူးကြီးကျော်သိန်းနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးအေး (နောင် ဩစတေးရီးယားနဲ့ ကနေဒါသံအမတ်)၊ အနောက်နိုင်ငံများအတွက်ကိုတော့ သက်ဆိုင်ရာသံအမတ်ကြီးများမှတဆင့် လိုက်လံဖြေရှင်းဖို့ သီးသန့်တာဝန်တွေပေးခဲ့တယ်။

ပြည်တွင်းမှာဖြေရှင်းဖို့ကတော့ ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဒုတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းနဲ့ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်ရုံးဌာနကြီးမှူး ဗိုလ်မှူးချုပ်သန်းထွန်းတို့ကို ဗိုလ်ချုပ်ကြီးခင်ညွန့်က တာဝန်ပေးခဲ့တယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့အဓိကဖြေရှင်းမှုကတော့ ဒေါ်စုရဲ့ နိုင်ငံရေးအခန်းကဏ္ဍ၊ အနာဂါတ် မြန်မာ့နိုင်ငံရေးမှာ ဒေါ်စုဦးဆောင်တဲ့ NLD နဲ့ တပ်မတော် လက်တွဲလုပ်ဆောင်ဖို့ ဖြစ်တယ်။ အဲဒီလို လုပ်ဆောင်နိုင်ရင် ပြည်တွင်းပြည်ပ၊ တိုင်းရင်းသားအပစ်ရပ်၊ လက်နက်ကိုင်၊ နိုင်ငံရေးပါတီများ၊ တပ်တွင်း၊ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ ရဟန်းသံဃာများအားလုံးက ထောက်ခံကြမယ်။

ဒါကြောင့် နိုင်ငံရေးထွက်ပေါက်အဖြစ် ၂၀၀၃ ခုနှစ် ဩဂုတ်လ (၃၀) ရက်မှာ လမ်းပြမြေပုံ (၇) ချက်ကို ဗိုလ်ချုပ်ကြီးခင်ညွန့်က တိုင်းပြည်ကိုချပြခဲ့တယ်။ တပ်ချုပ်ကြီးကို နေ့စဉ် နံနက် (၉) နာရီတိုင်းမှာ ဒီပဲယင်းပြဿနာဖြေရှင်းမှုကို တင်ပြရတယ်။ NLD ဘက်က တင်ပြရာမှာ နိုင်ငံရေးအကျဉ်းသားများပြန်လွှတ်ပေးဖို့၊ (၉၀) ရွေးကောက်ပွဲကို တနည်းနည်းနဲ့ အသိအမှတ်ပြုပေးဖို့၊ (၉၀) ရွေးကောက်ပွဲကို ပစ်ပယ်ရင် NLD အနေနဲ့ ပြည်သူလူထုကို သစ္စာဖောက်ရာရောက်မယ်။ အမျိုးသားညီလာခံမှာ အချက်အလက်အချို့ကို ပြန်လည်ဆွေးနွေးခွင့်ပေးဖို့တို့ဖြစ်တယ်။ တပ်မတော်ဘက်ကတင်ပြရာမှာ ဒီပဲယင်းကိစ္စကို သင်ပုန်းချေဖို့ wyfawmfESifhjycsuf NLD က မကန့်ကွက်ဖို့၊ မြန်မာ့နိုင်ငံရေးမှာ တပ်မတော်အနေနဲ့ အချိန်အတိုင်းအတာတခုအထိ ပါဝင်ခွင့်ပေးဖို့၊ အမျိုးသားညီလာခံမှာ NLD ကို ဆက်လက်ဆွေးနွေးခွင့်ပေးမှာဖြစ်ကြောင်းတို့ဖြစ်တယ်။

အဲဒီဆွေးနွေးချက်တွေကို ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ဟာ ဒုဗိုလ်ချုပ်မှူးကြီး မောင်အေးနဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်တို့ရှေ့မှောက်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို အသေးစိတ်တင်ပြကြရတယ်။ တင်ပြချက်တွေနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မူအားဖြင့် သဘောတူကြောင်းနဲ့ အသေးစိတ်ဆက်လက်ဆွေးနွေးဖို့ ညွှန်ကြားခဲ့တယ်။ အဲဒီညွှန်ကြားချက်အရပဲ NLD ခေါင်းဆောင်များနဲ့ ဒေါ်စုတို့ လွတ်လွတ်လပ်လပ် တွေ့ဆုံနိုင်ဖို့ သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်ပေးခဲ့တယ်။

၂၀၀၄ ခု၊ မတ်လ (၃၀) ရက်နေ့မှာ ကြေညာချက် ၁/၂၀၀၄ နဲ့ အမျိုးသားညီလာခံကို မေလ (၁၇) ရက်မှာကျင်းပမှာဖြစ်ကြောင်း ကော်မရှင်က ကြေညာခဲ့တယ်။ NLD က ၂၀၀၄ ခုနှစ်၊ ဧပြီ (၇) မှာ ဒေါ်စုကို လွှတ်ပေးဖို့နဲ့ ဧပြီ (၉) ရက် နေ့မှာ နအဖရဲ့ အမိန့်အမှတ် ၅/၉၆ ကို ရုပ်သိမ်းပေးဖို့ ကြေညာချက်ထုတ်ပြန်ခဲ့တယ်။ ၂၀၀၄ ဧပြီ (၂၀) ရက်မှာ ဦးအောင်ရွှေနဲ့ဦးလွင်တို့ ပြန်လည်လွတ်မြောက်လာခဲ့တယ်။ စေ့စပ်ညှိနှိုင်းရေးအဖွဲ့အနေနဲ့ NLD နဲ့ အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီးနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆက်လက်လမ်းညွှန်ပေးဖို့ အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က တင်ပြခဲ့ရတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြန်လည်လမ်းညွှန်တာက ဒေါ်စု၊ ဦးတင်ဦးနဲ့ နိုင်ငံရေးအကျဉ်းသားအချို့ကို ဦးစွာပထမလွှတ်ပေးပြီး ကျန်နိုင်ငံရေးအကျဉ်းသားများကို ဆက်လက်လွှတ်ပေးနိုင်ရေးကိုစီစဉ်ဖို့၊ (၉၀) ရွေးကောက်ပွဲကို တနည်းနည်းနဲ့ အသိအမှတ်ပြုနိုင်ရေးကို NLD နဲ့ ဆက်လက်ဆွေးနွေးသွားဖို့၊ အမျိုးသားညီလာခံမှာ အခြေခံမူ (၁၀၄) ချက်ထဲက အချို့အချက်အလက်များကို ပြန်လည်ဆွေးနွေးခွင့်ပြုဖို့တို့ဖြစ်တယ်။ ဒီလမ်းညွှန်မှုတွေကို ဗိုလ်မှူးကြီးတင်လှိုင်၊ ဗိုလ်ချုပ်ကျော်ဝင်းနဲ့ ဗိုလ်မှူးချုပ်သန်းထွန်းတို့ (၃) ဦးက NLD ခေါင်းဆောင်များနဲ့ ဒေါ်စုကို ပြန်လည်အသိပေးအကြောင်း ပြန်ခဲ့တယ်။ အဲဒီစဉ်က ဗိုလ်ချုပ်ကြီးခင်ညွန့်ဟာ အားရဝမ်းသာစွာနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး (၉၅) ရာခိုင်နှုန်းတော့ သေချာနေပြီလို့ မှတ်ချက်ပြုခဲ့ဖူးတယ်။ စေ့စပ်ရေးအဖွဲ့ဝင်များကိုလည်း အမှားအယွင်းမဖြစ်ဖို့၊ စကားအသုံးအနှုန်းကအစ အစစအရာရာ သတိထားပြီးပြောဖို့ မှာကြားမှုတွေရှိခဲ့တယ်။ ဒီမှာကြားမှုတွေအပေါ် NLD ခေါင်းဆောင်များ၊ လူကြီးများကလည်း ဝမ်းသာအားရဖြစ်ခဲ့ကြတယ်။

စာမျက်နှာ (၁၂) ကော်လံ (၁) သို့ ...

**တပ်မတော်ထဲမှာလည်း ပြည်သူ့ထဲက ပြည်သူ့တပ်မတော်၊ ပြည်သူသာ အမိအဖအဖြစ် အများစုကခံယူထားကြတာကို တွေ့ရှိရတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ပြဿနာက အာဏာယစ်မူးနေတဲ့ အာဏာရှင်တဦးတယောက်ကြောင့် ဖြစ်နေတာသာဖြစ်တယ်။ တပ်မတော်မှာ အခရာကျတဲ့ အဆုံးအဖြတ်အားလုံးဟာ အထက်ကသာလာတာဖြစ်တယ်။ တပ်မတော်မှာ နံပါတ် "တစ်" ပဲရှိတယ်။ "နံပါတ် နှစ်"၊ "တစ်ဒသမငါး"၊ "အနာဂါတ် မြန်မာနိုင်ငံရဲ့ခေါင်းဆောင် အတတ်ပညာရှင်" တွေ ဖြစ်ခွင့်မရှိတာကို တပ်မတော်သားတိုင်း သိရှိနားလည်ထားကြတယ်။**

တွေ့ဆုံဆွေးနွေးပွဲများမှ အဆက် ...

ညီလာခံပြန်စဖို့ ရက်ပိုင်းအလိုမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်ချုပ်ကြီးခင်ညွှန့်နဲ့ စေ့စပ်ညှိနှိုင်းရေးအဖွဲ့ကိုခေါ်ယူပြီး ယခင်လမ်းညွှန်ချက်များအပေါ် ပြင်ဆင်မှုကို ပြောကြားခဲ့တယ်။ ပြင်ဆင်ချက်ကတော့ ဒေါ်စုနဲ့ဦးတင်ဦးကို လွှတ်မပေးနိုင်သေး၊ NLD က ဦးစွာ ညီလာခံပြန်တက်ပေးရန်၊ အမျိုးသားညီလာခံအတွင်း NLD ရဲ့ ဆွေးနွေးချက်များအပေါ်မူတည်ပြီးမှ စေ့စပ်ညှိနှိုင်းရေးအဖွဲ့မှတဆင့် တင်ပြထားတဲ့ NLD ရဲ့တောင်းဆိုမှုတွေကို ပြန်လည်စဉ်းစားမှာဖြစ်ကြောင်းတို့ ဖြစ်တယ်။ အဲဒီပြင်ဆင်ညွှန်ကြားချက်ကို စေ့စပ်ရေးအဖွဲ့က ဒေါ်စုကို ပြန်လည်ပြောကြားရာမှာ ဒေါ်စုက "ရှင်တို့ စစ်သားတွေ၊ ယောကျ်ားတွေဖြစ်နေပြီးကတိ သစ္စာမတည်တဲ့သူတွေ"လို့ မှတ်ချက်ပြုခဲ့တယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့ ဒီလုပ်ရပ်ကြောင့် တပ်မတော်ကြီးတခုလုံး သိက္ခာခြုံးတပြားမှမကျန်အောင် ကျဆင်းသွားခဲ့ရတယ်လို့ တပ်တွင်းမှာပါ ပြောစမှတ်ပြုခဲ့ကြတယ်။ တပ်ချုပ်ကြီး ခုလိုစိတ်ပြောင်းသွားတာဟာ ဒေါ်ကြိုင်ကြိုင်နဲ့ ဦးအောင်သောင်းတို့ကြောင့်လို့လည်း အနီးကပ်ရှိနေသူများက ပြောဆိုကြပါတယ်။ နောက်များ မကြာမီ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ (၁၈) ရက်နေ့မှာ ဗိုလ်ချုပ်ကြီးခင်ညွှန့်ရဲ့ ထောက်လှမ်းရေးတဖွဲ့လုံးလည်း ဖြုတ်ထုတ်ရှင်းတာကို ခံလိုက်ရပါတယ်။

ဗိုလ်ချုပ်မှူးကြီးရဲ့ ပြင်ဆင်ချက်ဟာ လူထုတရပ်လုံးရဲ့မျှော်လင့်ချက်တွေကို နင်းချေဖျက်ဆီးလိုက်တာဖြစ်တယ်။ တပ်မတော်ရဲ့ထိပ်ပိုင်းက ခေါင်းဆောင်များကပါ မကျေမနပ်ဖြစ်ကြသလို၊ ဗိုလ်ချုပ်မှူးကြီးရုံးမှာ တာဝန်ထမ်းဆောင်နေကြတဲ့ အရာရှိ အရာခံ အကြပ်တပ်သားတွေကပါ တိုးတိုးတိတ်တိတ် ဝေဖန်မှုတွေရှိခဲ့ကြကြောင်း သိရှိခဲ့ရတယ်။ NLD က တွေ့ဆုံဆွေးနွေးရေးကို အခြေခံမူအဖြစ် ရှေ့ဂိုတိုင်ကြေညာချက်အထိ မြဲမြဲစွာ ကိုင်စွဲထားဆဲပဲဖြစ်တယ်။ ဒါပေမယ့် တဖက် အဆုံးအဖြတ်ပေးနိုင်တဲ့ဘက်က တွေ့ဆုံဆွေးနွေးရေးကို စိတ်မဝင်စားရုံမက တွေ့ဆုံဆွေးနွေးရေးကြိုးစားခဲ့ကြတဲ့ ဗိုလ်ချုပ်ကြီးခင်ညွှန့်အပါအဝင်တအုပ်စုလုံးကို ဖြုတ်ထုတ်ရှင်းခဲ့တယ်။

ဖော်ပြခဲ့တဲ့ တွေ့ဆုံဆွေးနွေးပွဲဖြစ်စဉ် (၁၉၈၈ –၂၀၀၃) တွေကို ခြုံငုံသုံးသပ်ကြည့်ရင် ....

NLD က တလျောက်လုံး တွေ့ဆုံဆွေးနွေးရေးမူကို ဆွဲကိုင်ကျင့် သုံးသလို၊ တပ်မတော်ထဲက တိုင်းချစ်ပြည်ချစ်စိတ်ရှိကြတဲ့ ခေါင်းဆောင်များကလည်း NLD နဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြတယ်။

တပ်မတော်ထဲမှာလည်း ပြည်သူထဲက ပြည်သူ့တပ်မတော်၊ ပြည်သူသာ အမိအဖအဖြစ် အများစုက ခံယူထားကြတာကို တွေ့ရှိရတယ်။

လက်ရှိဖြစ်ပေါ်နေတဲ့ပြဿနာက အာဏာယစ်မူးနေတဲ့ အာဏာရှင်တဦး တယောက်ကြောင့် ဖြစ်နေတာသာ ဖြစ်တယ်။

တပ်မတော်မှာ အခရာကျတဲ့ အဆုံးအဖြတ်အားလုံးဟာ အထက်ကသာ လာတာဖြစ်တယ်။ တပ်မတော်မှာ နံပါတ် "တစ်"ပဲ ရှိတယ်။ "နံပါတ် နှစ်"၊ တစ်ဒသမငါး"၊ "အနာဂါတ် မြန်မာနိုင်ငံရဲ့ခေါင်းဆောင် အတတ်ပညာရှင်"တွေ ဖြစ်ခွင့်မရှိတာကို တပ်မတော်သားတိုင်း သိရှိနားလည်ထားကြတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးသူရတင်ဦးကို လုပ်ဖော်ကိုင်ဖက် တိုင်းရင်းသားအင်အားစုများက ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ (၂၀) ရက်နေ့က အမျိုးသားပြန်လည်သင့်မြတ်ရေးသူရဲကောင်းဆုပေးအပ်ပွဲမှာ ၎င်းက "အာဏာရှင်ကို ဖယ်ရှားနိုင်မှသာလျှင် လက်ရှိအာဏာရှင်စနစ်သည် ချုပ်ငြိမ်းပါမည်ဟု ပွင့်ပွင့်လင်းလင်းပြောဆိုခဲ့ပါတယ်။

အာဏာရှင်ကို ဖယ်ရှားဖို့ဆိုရာမှာ အခြားအခြားသော ပြည်တွင်းပြည်ပရှိ တိုင်းချစ်ပြည်ချစ်များထက် လက်ရှိ ပြည်တွင်းက တပ်မတော်သားများက ပိုမိုပြီး လုပ်နိုင်စွမ်းရှိကြပါတယ်။

အောင်စောဦး

၂၀၁၀ ခု၊ ဇွန် လ ၆ ရက်။

***

နောက်ကျောဖုံးမှ အဆက် ...

လည်း လုံခြုံပြီလို့ သူတို့ဟာသူတို့ထင်နေပေမယ့် သိပ္ပံထွန်းကားတဲ့ ဒီနေ့ခေတ်မှာ တကယ်ကောလုံခြုံပြ့ါမလား" လို့မေးခွန်းထုတ်ပါတယ်။

ဆက်ပြီးတော့ ဦးတင်ဦးကပဲ မြန်မာ့တပ်မတော်ဟာ ထိုက်သင့်အားလျော်စွာ ကာကွယ်နိုင်တဲ့တပ်မတော်ဖြစ်ရင်တော်ပြီ။ အခုလို နျူကလီးယားလက်နက်ထုတ်လုပ်မှုဟာ စစ်တပ်ခေါင်းဆောင်တွေအနေနဲ့ တိုင်းပြည်အာဏာကို ရယူထားခိုက်မှာ ဘုန်းတန်ခိုးကြီးအောင်လုပ်ကိုင်နေတာနဲ့တူပြီးတော့ စစ်ရေးအရ တိုက်ရခိုက်ရအောင် သူများကိုရန်ပြုတဲ့နိုင်ငံလည်းမဟုတ်ဘူး။ နိုင်ငံခြားရေးမူဝါဒကလည်း အားလုံးနဲ့သင့်မြတ်အောင်နေမယ်ဆိုတဲ့မူဝါဒနဲ့ နေနေတာပဲလို့ပြောတာကို ဘီဘီစီအင်တာနက်စာမျက်နှာမှာ ဖော်ပြထားပါတယ်။



မြောက်ကိုရီးယားနဲ့ပေါင်းပြီး မြန်မာနိုင်ငံက နျူကလီးယားလက်နက်ထုတ်လုပ်ဖို့ဆောင်ရွက်နေတာကို အမေရိကန်နိုင်ငံကလည်း စိုးရိမ်ပူပန်တယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

တရုတ်နိုင်ငံအနေနဲ့ကလည်း အိမ်နီးချင်းနိုင်ငံအချို့က နျူကလီးယားလက်နက်ပိုင်ဆိုင်တာကို လိုလိုလားလားရှိမှာမဟုတ်ဘူးလို့ အင်္ဂလန်မှာအခြေစိုက်တဲ့ နိုင်ငံတကာလေ့လာရေးဌာနက အကြီးတန်းသုတေသီ ဒေါက်တာကယ်ရီဘရောင်း (တရုတ်–မြန်မာဆက်ဆံရေး) ကျွမ်းကျင်သူက ပြောပါတယ်။

နျူကလီးယားဆိုင်ရာလှူပ်ရှား မှုများသုံးသပ်ချက်စာတမ်းအရ ဥမင်လိုဏ်ခေါင်းများကို မြောက်ကိုရီးယားအကူအညီနဲ့တည်ဆောက်ရာမှာ ခန့်မှန်းခြေကုန်ကျစရိတ် အမေရိကန်ဒေါ်လာ (၃) ဘီလီယံရှိတယ်လို့ သတင်းတွေအရသိရပါတယ်။

၁၉၉၅ ခုနှစ်က ဘန်ကောက်မှာကျင်းပတဲ့ ASEAN အစည်းအဝေးမှာ မြန်မာနိုင်ငံဟာ အာရှေ့တောင်အာရှနျူကလီးယားလက်နက်ကင်းရှင်းရေးဇုံ Treaty on South East Asia Nuclear WeaponFree Zone မှာ လက်မှတ်ထိုးထားတာလည်းဖြစ်ပါတယ်။

* * *



# နယ်သာလန် ရွေးကောက်ပွဲအတွေ့အကြုံ

**နေသွင်**

... တကယ်တမ်း
ပါတီတွေရဲ့မူဝါဒတွေမှာလည်း
အရမ်းကြီးကွာ
ခြားလှတယ်မဟုတ်ဘူး။
ဒါပေမယ့်
ညွန့်ပေါင်းအစိုးရဆိုတော့
အပြန်အလှန်
ထိန်းညှိသွားနိုင်တာပေါ့။
ဒါကပဲ
ငါတို့နိုင်ငံမှာ
နိုင်ငံရေးတည်ငြိမ်မှု
ရဲ့လျှို့ဝှက်ချက်ပဲလို့
ငါတော့ထင်တယ် ...

ဇွန်လ ၉ ရက်၊ ဗုဒ္ဓဟူးနေ့။

မနက်စောစော မိုးဖွဲဖွဲနဲ့ အမ်စတာဒမ်မြို့နားက စကစ်ပဟိုး (Schiphol) လေဆိပ်ကိုဝင်လာတော့ ရာသီဥတုကသိပ်မအေးလှ။ ထိုင်းမှာကတည်းက အီးမေးလ်ပို့ထားတဲ့အတွက် အစီအစဉ်ကို အကြမ်းမျဉ်းသိထားသည်။ နေ့လည်ပိုင်း မဲရုံတရုံသွားမည်။ ညဘက် ဆိုရှယ်လစ်ပါတီတွေစုရုံးတဲ့အမ်စတာဒမ်မြို့လည်ခေါင်က စားသောက်ဆိုင်တခုကိုသွားမည်။ အဲဒီမှာ ပါတီဝင်တချို့နဲ့ မိတ်ဆက်မည်။ ရွေးကောက်ပွဲသတင်းယူဖို့ ဗွီဒီယိုကင်မရာတစ်လုံးပါလာသည်။

ငါတို့နိုင်ငံက မင်းတို့နဲ့ယှဉ်ရင်တော့ သတင်းထောက်တွေအတွက် နိဗ္ဗာန်ဘုံပဲ။ ပါလီမန်အဆောက်အဦးထဲလည်း ဝင်လို့ရတယ်။ နိုင်ငံရေးခေါင်းဆောင်တွေကိုလည်း ကြိုက်သလို မေးခွန်းထုတ်လို့ရတယ်။

ဇန်နဝါရီလ ထိုင်းကိုလာကတည်းက အဲလ်ဘတ်က သူ့နိုင်ငံအခြေအနေပြောပြထားသည်။ ရွေးကောက်ပွဲရက်ဆိုတော့ လမ်းမှာ လူစု လူဝေးတွေ တွေ့ရမည်။ မဲရုံတွေမှာလည်း လူတန်းရှည်ကြီးတွေ့ရမည်ဟုတွေးထားသည်။ လေဆိပ်မှာ နယ်သာလန်ကိုလာနိုင်အောင်စီစဉ်ပေးတဲ့ နယ်သာလန်မီဒီယာတခုကအမျိုးသမီးက အပြုံးနဲ့ကြိုနေသည်။

နောက်ဆုံးတော့ မင်းဒီကိုရောက်လာတာပဲ။

သူကလက်ကို အားပါးတရဆွဲပြီး ရယ်ရယ်မောမောနှုတ်ဆက်သည်။ ဘန်ကောက်မှာ တလလောက်အခက်အခဲတွေ တခုပြီးတခုကြုံပြီး အစီအစဉ်ပျက်လုပျက်ခင်ဖြစ်ပြီး နောက်ဆုံးအချိန်မှီရုံလေးရောက်လာတဲ့အတွက်လည်း ပျော်နေပုံရသည်။ လေဆိပ်ကနေ ဟိုတယ်သွားတဲ့တလမ်းလုံး အခက်အခဲတွေအကြောင်းပဲ မေးလာသည်။ ကျနော်က ပြီးခဲ့တာတွေကို သိပ်မပြောချင်။ သတ်မှတ်ချိန်ထက် (၃) ရက်လောက်နောက်ကျမှ ရောက်လာတဲ့အတွက်လည်း ရွေးကောက်ပွဲကိစ္စကိုပဲ စိတ်လောနေမိသည်။

"ဘယ်လိုလဲ။ ဒီနှစ်ရွေးကောက်ပွဲက အရင်ရွေးကောက်ပွဲတွေထက်စာရင် စိတ်လှုပ်ရှားစရာကောင်းရဲ့လား"

"သိပ်စိတ်လှုပ်ရှားစရာကောင်းတာပေါ့။ ဘယ်ပါတီမှ အပြတ်အသတ်နိုင်မယ့်ပုံမရှိဘူး"

"မဲပေးပြီးပြီးလား။ ဘယ်ပါတီကို ပေးခဲ့လဲ"

"မဲတော့ပေးမှာပါ။ ဘယ်ပါတီဆိုတာ မသေချာသေးဘူး"

ဟိုတယ်မှာ မနက်စာအတူစားရင်းမေးတော့ သူ့အဖြေကိုသိပ်အားမရ။ ဟိုတယ်မှာတော့ အစစအရာရာ အဆင်ပြေပြေဖြစ်အောင် စီစဉ်ပေးထားသည်။ သောကြာနေ့ကစပြီး သူအပန်းဖြေခရီးသွားတော့မှာဖြစ်လို့ လိုတာရှိရင်ခေါ်ရမယ့် ဖုန်းနံပါတ်၊ (၁၀) ရက်အတွင်း အစီအစဉ်၊ မြို့ထဲမှာကား၊ ရထားစီးဖို့ကဒ်၊ ထို့နောက် ဇွန်လ (၂၀) ရက်နေ့ ကျနော်ပြန်တဲ့အထိ သူ့အပန်းဖြေခရီးက ပြန်ရောက်မှာမဟုတ်တဲ့အတွက် အပြီးနှုတ်ဆက်ပြီး ပြန်သွားသည်။

အခန်းထဲခဏပြန်ပြီး ထိုင်းမှာကတည်းက ပြင်ဆင်လာတဲ့အချက်အလက်တွေကို ပြန်ကြည့်သည်။ ပါတီပေါင်း (၁၀) ပါတီ ရွေးကောက်ပွဲဝင်ကြမည်။ ကြိုတင်စစ်တမ်းတွေအရ ဒတ်ချ်လေဘာပါတီ (ပီဗွီဒီအေ) နဲ့ ပြည်သူ့လွတ်မြောက်ရေးနဲ့ ဒီမိုကရေစီပါတီ (ဗွီဗွီဒီ) တို့ ထိပ်ကပြေးနေသည်။

စာမျက်နှာ (၁၄) ကော်လံ (၁) သို့ ...



**နယ်သာလန် ရွေးကောက်ပွဲအတွေ့အကြုံမှ အဆက် ...**

လက်ရှိညွန့်ပေါင်းအစိုးရကိုဦးဆောင်နေတဲ့ ခရစ်ယာန်ဒီမိုကရက်ပါတီကတော့ စစ်တမ်းတွေအရ လွှတ်တော်အမတ်နေရာ တဝက်လောက်ကျသွားနိုင်သည်။ ထူးခြားတာတခုက မွတ်စလင်တွေနဲ့ ပြည်ပက ပြောင်းရွှေ့အခြေချသူတွေကို ဝေဖန်တိုက်ခိုက်တဲ့ လွတ်မြောက်ရေးပါတီ (ပီဗွီဗွီ) အခြေအနေကောင်းနေသည်။ နယ်သာလန်မှာ (၁၉) ရာစုကစလို့ ဘယ်ပါတီမှ တပါတီတည်း အစိုးရဖွဲ့နိုင်ခဲ့တာမရှိ။ ညွန့်ပေါင်းအစိုးရပဲ ဆက်တိုက်အုပ်ချုပ်လာသည်။

အမ်စတာဒမ်ကနေ သဟိတ်မြို့ကို နာရီဝက်လောက် ရထားစီးသွားရမည်။ အမ်စတာဒမ်က မြို့တော်၊ သဟိတ်က အစိုးရရုံးစိုက်ရာမြို့ဖြစ်သည်။ နိုင်ငံတကာတရားရုံးတွေလည်း သဟိတ်မှာအခြေစိုက်သည်။ အဲဒီမှာ အဲလ်ဘတ်နဲ့တွေ့မည်။ ဒီမှာနေတဲ့ နှစ်ပတ်စလုံး သူနှင့်အနီးကပ်အလုပ်လုပ်ရမည်။ အသေးစိတ်အစီအစဉ်တွေအားလုံး သူ့အစီအစဉ်တွေချည်းဖြစ်သည်။ ပထမ ပါလီမန်အဆောက်အဦဆီသွားကြသည်။

"ဟိုဘက်ကိုသွား။ ဟိုဘက်ကိုသွား"

ပါလီမန်ဝင်းရဲ့ဝင်ပေါက်မှာ အရုပ် (၇) ပေကျော်သည့် လုံခြုံရေးအစောင့်က သွားရမယ့်ဝင်ပေါက်ဘက်ကိုလက်ဟန့်ယမ်းပြသည်။ ပါလီမန်အဆောက်အဦက သက်တမ်းအတော်ရင့်နေပြီ။ အဟောင်းတွေကိုမဖျက်ဘဲ ထိန်းသိမ်းထားသည်။ အစည်းအဝေးတွေကျင်းပဖို့ အဆောက်အဦးအသစ်တွေကို အဟောင်းတွေနဲ့ယှဉ်ပြီးဆောက်ထားသည်။ ဝန်ကြီးချုပ်ရုံးခန်းကလည်း အမိုးချွန်ချွန်နဲ့ ဟောင်းနေပြီ။ ဒါပေမယ့် အစဉ်အလာအရ ဝန်ကြီးချုပ်တွေက အဲဒီမှာပဲရုံးထိုင်ကြသည်။

ပါလီမန်ဝင်းက အလယ်ခေါင်မြေကွက်လပ်မှာ သတင်းသမားတွေ၊ အလည်အပတ်လာသူတွေ ဟိုတစု ဒီတစုတွေ့ရသည်။ လုံခြုံရေးဆိုလို့ အပေါက်ဝမှာတွေ့ခဲ့တဲ့ လုံခြုံရေးအစောင့်တယောက်ပဲတွေ့သည်။ ပါလီမန်အဆောက်အဦးထဲဝင်ပေါက်မှာ ကား (၃) လေးစီးလောက် ရပ်ထားသည်။ ဂလန်ဂလားအစောင့်ကြီး ကားတစီးနား ဘယ်ချိန်ရောက်လာသည်မသိ။ ကားရှေ့ခန်းကမျက်မှန်နဲ့လူတယောက်ထွက်လာပြီး အစောင့်ကို ကိုယ်ချင်းပွေ့နှုတ်ဆက်သည်။ ကင်မရာမီးရောင်တွေတဖျတ်ဖျတ်ထဲ မျက်မှန်နဲ့လူက ရယ်ရယ်မောမော။

"အဲဒါ လစ်ဘရယ်ပါတီကခေါင်းဆောင်ပဲ။ ငါတို့နိုင်ငံရဲ့ ဝန်ကြီးချုပ်လောင်းပဲ"

အဲလ်ဘတ်က အားတက်သရောပြောသည်။ အဲဒီတော့မှ ဝန်ကြီးချုပ်လောင်းရဲ့ ကားဝင်းထဲက နေပြန်ထွက်ဖို့ အစောင့်က ဝင်ပေါက်မှာ လမ်းရှင်းနေမှန်းသိတော့သည်။

"ဟော့ မင်းတို့ဝန်ကြီးချုပ်လောင်းကလည်း လုံခြုံရေးမရှိသလောက်ပါပဲလား။ ငါတို့ဆီမှာဆိုရင်တော့ အနည်းဆုံး (၂) ပတ်လောက် လုံခြုံရေးကြိုချထားမယ်ထင်တယ်"

အဲလ်ဘတ်ကရယ်နေပါသည်။ လွှတ်တော်ဝင်းအတွင်း လမ်းလျှောက်ကြည့်ကြသည်။ လုံခြုံရေးဆိုလို့ အရိပ်အယောင်ပင်မမြင်ရ။ တနေရာမှာတော့ ရဲတွေ အစုလိုက်တွေ့လိုက်ရသည်။ ရဲအစစ်တွေတော့မဟုတ်။ အရုပ်တွေဖြစ်သည်။ ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံအားလုံးက ရဲတွေကို အရုပ်နဲ့ပြထားသည်။ အရုပ်ရေးပြရတယ်ဆိုတာ ဒါမျိုးဖြစ်မည်။

"ငါတို့နိုင်ငံက ချမ်းသာပြီးသား။ လုံခြုံပြီးသားဆိုတော့ နိုင်ငံရေးမှာ သိပ်ကြီးမားတဲ့အပြောင်းအလဲမလိုအပ်ဘူးလေ။ ရွေးကောက်ပွဲတိုင်းမှာ ဘယ်ပါတီမှလည်း အပြတ်အသတ် အနိုင်မရဘူး။ ညွန့်ပေါင်းအစိုးရဖွဲ့ရတယ်။ တကယ်တမ်း ပါတီတွေရဲ့မူဝါဒတွေမှာလည်း အရမ်းကြီးကွာခြားလှတယ်မဟုတ်ဘူး။ ဒါပေမယ့် ညွန့်ပေါင်းအစိုးရဆိုတော့ အပြန်အလှန်ထိန်းညှိသွားနိုင်တာပေါ့။ ဒါကပဲ ငါတို့နိုင်ငံမှာ နိုင်ငံရေးတည်ငြိမ်မှုရဲ့လျှို့ဝှက်ချက်ပဲလို့ ငါတော့ထင်တယ်"

သူတို့နိုင်ငံနဲ့ သူတို့စနစ်ကတော့ မှန်သည်ဟုထင်သည်။ နိုင်ငံတခု မှန်ကန်တဲ့လမ်းကြောင်းပေါ်ရောက်နေပြီးဆိုရင် တည်ငြိမ်အောင်ထိန်းသွားရုံပဲရှိမည်။ ဒါပေမယ့် လမ်းကြောင်းက မှားနေရင်တော့ ကြီးမားတဲ့အပြောင်းအလဲကသေချာပေါက်လိုအပ်မည်။ သမိုင်းမှာလည်း ကြီးမားတဲ့တော်လှန်ရေးတွေက ဒီသဘောပင်။ နိုင်ငံရေးစနစ်တည်ငြိမ်ရေးနဲ့လမ်း ကြောင်းမှန်ပေါ်ရောက်ရေး၊ တနည်းအားဖြင့် "တည်ငြိမ်ရေးနှင့်တော်လှန်ရေး" ဘယ်ဟာက အရင်ဖြစ်သင့်သနည်းဟု တွေးနေမိသည်။

"ကဲ ... ရောက်ပြီ"

ကားက အဆောက်အဦးတခုဘေးမှာရပ်သွားသည်။ အဆောက်အဦး စင်္ကြန်လေးအတိုင်းသွားပြီး ဘယ်ဘက်သို့ချိုးဝင်လိုက်သောအခါ စာကြည့်တိုက်တခုဖြစ်နေသည်။

"မဲရုံက ဒီနေရာမှာပဲ"

ညနေ (၃) နာရီကျော်နေပြီး မဲရုံဆိုသဖြင့် မဲပေးမယ့်လူတွေ တန်းစီစောင့်နေကြမယ်လို့ ထင်ထားသည်။ ကင်မရာတပြင်ပြင်နှင့်လာခါမှ ခုတော့ ဘယ်နားသွားရိုက်ရမှန်းမသိ။ စားပွဲရှည်တလုံးရှေ့ချပြီး လူ (၄) ယောက် အေးအေးသက်သာထိုင်နေကြသည်။ မဲရုံမှူးတွေပေါ့။ အလယ်က အမျိုးသမီးကြီး (၁) ယောက်ဆီသွားပြီး အဲလ်ဘက်က မိတ်ဆက်သည်။ မဲရုံထဲ ဓာတ်ပုံရိုက်ခွင့်တောင်းတော့ ရိုက်ချင်သလိုရိုက်ပါ။ မဲပေးတဲ့နေရာကတော့ လျှို့ဝှက်မဲပေးစနစ်ဆိုတော့ အဲဒါလေးတော့ ချန်ထားပါတဲ့။

တယောက်စ၊ နှစ်ယောက်စ မဲပေးဖို့လာနေကြသည်။ တချို့ကကလေးတွေပါခေါ်လာသည်။ အိမ်အရောက်ပို့ထားသော မဲပေးခွင့်မှတ်ပုံတင်ကတ်ပြားလေးပြ၊ မဲရုံမှူးတွေက မဲစာရွက်ထုတ်ပေး၊ ရှေ့ခြေလှမ်း (၁၀) လောက် မဲပေးတဲ့နေရာကိုသွားပြီး လျှို့ဝှက်မဲပေး၊ ပြီးတော့ ပြန်လှည့်လာ၊ မဲပုံးထဲ မဲစာရွက်လေးထည့်၊ ပြီးပြီ။

မဲပေးတဲ့လူတွေရော၊ မဲရုံမှူးတွေရော အေးအေးသက်သာ၊ ရယ်ရယ်မောမော။ စာကြည့်တိုက်ထဲ စာအုပ်ကြည့်သူတွေကလည်း ပုံမှန်။ ကလေးတွေကလည်း ပြေးပြေးလွှားလွှား။ မဲလာပေးတဲ့လူတွေကလည်း ဈေးဝယ်ထွက်ရင်း၊ အလုပ်ပြန်ရင်း၊ ကလေးကျောင်းကြိုရင်း မဲပေးနေကြပုံရသည်။

အရင်တုန်းကတော့ ဘယ်သူက ဘယ် မဲရုံမှာမဲပေးရမယ်လို့ သတ်မှတ်ထားတယ်။ အရမ်းတင်းကျပ်လွန်းအားကြီးတော့ နောက်ပိုင်း ကိုယ့်နဲ့အဆင်ပြေတဲ့ဆီမှာပဲ မဲပေးဆိုပြီး လုပ်လိုက်တာလေ။ ဇရိယာတခုမှာ မဲရုံ (၂) ရုံ (၃) ရုံရှိတယ်လေ။ ကိုယ်အဆင်ပြေတဲ့ဆီသွားပေးပေါ့။ မဲရုံတဝိုက်မှာ နိုင်ငံရေးစကားတော့ မပြောရဘူး၊ ပါတီတခုခုကိုမဲပေးဖို့ စည်းရုံးတာမျိုးမလုပ်ရဘူး။

မဲရုံမှူးအမျိုးသမီးကရှင်းပြသည်။ မဲရုံပတ်ပတ်လည်မှာ နယ်သာလန်ကြံ့ဖွံ့တွေ၊ စွမ်းအားရှင်တွေ ရှိမလားလို့ သံသယနဲ့ကြည့်မိသည်။ မတော်ဘယ်ကလဲ၊ ဘာလာလုပ်တာလဲ စသဖြင့် မေးနေရင်ဒုက္ခ။ ဒါပေမယ့် မဲရုံတဝိုက် ကင်မရာတကားကား၊ မယောင်မလည် မူမမှန်ဖြစ်နေတာက မဲရုံထဲကထွက်လာသူတွေကို အင်တာဗျူးဖို့စောင့်ကြည့် အကဲခတ်နေတဲ့ ကိုယ်တို့အဖွဲ့တဖွဲ့ပဲရှိသည်။

"ဘယ်ပါတီကို မဲပေးလိုက်လဲ"

"ဗဗ"

"ဘာလို့ပေးလိုက်တာလဲ"

"ကျန်းမာရေးပေါ်လစီကိုကြိုက်လို့လေ။ ကျန်းမာရေးပေါ်လစီမှာ "ဗဗ"က နံပါတ်ဝမ်းပဲ"

"ဦးကြီးတို့ဇနီးမောင်နှံက "ဗဗ"ရဲ့ အမာခံပရိသတ်တွေပေါ့"

"မဟုတ်ဘူး။ ဒီနှစ်မှ "ဗဗ"ကို မဲပေးတာ။ မနှစ်တုန်းက ခရစ်ယာန်ဒီမိုကရက် ကိုပေးတာ"

"ဘာလို့ စိတ်ပြောင်းသွားတာ လဲ"

"လက်တွေ့လုပ်ရပ်တွေအပေါ်မူတည်သွားတာပေါ့"(ရယ်လျက်)

""ဗဗ" အနိုင်ရမယ်ထင်လား"

စာမျက်နှာ (၁၅) ကော်လံ (၁) သို့ ...

**ရွေးကောက်ပွဲအတွေ့အကြုံမှ အဆက် ...**

"မထင်ဘူး"

"နိုင်မယ့်ပါတီကို ဘာလို့မပေးတာလဲ"

"ဖဖ" က အနိုင်ရတဲ့ပါတီကြီးတွေကြားထဲမှာ ပေါင်းကူးပေးမယ့်ပါတီလေ။ ဒါကြောင့်မဲပေးတာ"

အသက် (၇၀) အရွယ် ဦးထုပ်ဆောင်းထားတဲ့ ပင်စင်စားကြီးက မေးသမျှဖြေသည်။ အနားမှာမတ်တပ်ရပ်နေတဲ့ သူ့ဇနီးက အဘိုးကြီးပြောသမျှ ထောက်ခံတယ်ဆိုတဲ့ မျက်နှာမျိုးနဲ့ တပြုံးပြုံး။ သဟိတ်မြို့က လွှတ်တော်ဝင်းထဲမှာ အဲလ်ဘတ်ပြောခဲ့တဲ့ သူတို့နိုင်ငံရဲ့နိုင်ငံရေးတည်ငြိမ်မှုရဲ့လျှို့ဝှက်ချက်ဆိုတာကို ပြန်သတိရသည်။

"ဒီလူတွေက တပါတီတည်းကို အတည်တကျ မဲပေးလေ့မရှိဘူး။ ဒီနှစ် ဒီပါတီကိုပေးမယ်။ နောက်လေးနှစ်ကြာရင် နောက်တပါတီကို ကြိုက်ရင် ပေးပြန်ရော"

အဲလ်ဘတ်က သူတို့နိုင်ငံက မဲဆန္ဒရှင်တွေ အစွဲမကြီးတာ၊ နိုင်ငံရေးရေချိန်မြင့်တာတွေကို ပြောသည်။ ဒါပေမယ့် လွတ်မြောက်ရေးပါတီ (ပီဗွီဗွီ) အခြေအနေကောင်းနေတာကို တော့ သူမကြိုက်။ ကျနော်က ထိုင်းမှာကတည်းက ပီဗွီဗွီပါတီခေါင်းဆောင်ရဲ့မိန့်ခွန်းတွေကို အင်တာနက်ကနေ ဒေါင်းလုဒ်လုပ်ပြီး နားထောင်ဖူးနေသည်။

"ဟော့ အဲလ်ဘတ်၊ ပီဗွီဗွီသာ အာဏာရလာရင် ဂျာမနီမှာ ဟစ်တလာ အာဏာရတုန်းက ဂျူးတွေနှိပ်ကွပ်ခံရသလို နယ်သာလန်မှာလည်း မွတ်စလင်တွေနဲ့ နိုင်ငံခြားကနေပြောင်းရွှေ့အခြေချတဲ့လူတွေ နှိပ်ကွပ်ခံရမယ်ထင်တယ်"

ကျနော်က ခေါင်းထဲပေါ်လာတဲ့ အတွေးကိုပြောရင်း အဲလ်ဘတ်ဆီက အမြင်ကိုပါတောင်းလိုက်သည်။

"အဲဒီအခါကျရင်တော့ ငါတော့ မင်းတို့မြန်မာပြည်လာပြီး နိုင်ငံရေးခိုလှုံခွင့်တောင်းမယ်လေ။ မကောင်းဘူးလား"

"ဟား .... ဟား"

အဲလ်ဘတ်က အရွှန်းဖောက်သည်။

နောက်တနေ့ ရွေးကောက်ပွဲရလဒ်တွေထွက်လာတော့ မှန်းထားတဲ့အတိုင်း ပြည်သူ့လွတ်မြောက်ရေးနှင့် ဒီမိုကရေစီ (ဗွီဗွီဒီ) က အမတ်နေရာ (၃၁) နေရာနဲ့ အနိုင်ရပါတီ၊ ဒတ်ချ်လေဘာပါတီ (ပီဗွီဒီအေ) က အမတ်နေရာ (၃၀)၊ အစ္စလာမ်ဆန့်ကျင်ရေးပါတီ (ပီဗွီဗွီ) ပါတီက အမတ်နေရာ (၂၄)၊ အာဏာလက်ရှိ ခရစ်ယာန်ဒီမို ကရက်က (၂၁)၊ ဆိုရှယ်လစ်ပါတီက (၁၅) နေရာ၊ တခြားပါတီငယ်တွေလည်း (၁၀) နေရာအောက်အသီးသီးရကြသည်။

"ငါခန့်မှန်းတာကတော့ ဒီတခါ ညွှန့်ပေါင်းမှာ အများဆုံးအမတ်နေရာရတဲ့ လစ်ဘရယ်ပါတီရယ်၊ ခရစ်ယာန် ဒီမိုကရက်ရယ်၊ (မင်းသူငယ်ချင်းရဲ့ပါ တီ) ပီဗွီဗွီရယ်ထင်တယ်ကွာ။ ကမ္ဘာကို ဘယ်လိုမျက်နှာပြရမယ်မှန်းတောင် မသိပါဘူးကွာ"

**❞ နိုင်ငံတခု မှန်ကန်တဲ့လမ်းကြောင်း ပေါ်ရောက်နေပြီးဆိုရင် တည်ငြိမ်အောင်ထိန်းသွားရုံပဲရှိမည်။ ဒါပေမယ့် လမ်းကြောင်းက မှားနေရင် တော့ ကြီးမားတဲ့ အပြောင်းအလဲက သေချာပေါက် လိုအပ်မည်။**

"ဒါဖြင့် နောက်တခါရွေးကောက်ပွဲကျရင်တော့ ပီဗွီဗွီက အမတ်အများဆုံးနဲ့ အာဏာရပါတီဖြစ်မယ်ထင်တယ်နော်။ အဲဒီအခါကျရင် မွတ်စလင်ကမ္ဘာနဲ့ နယ်သာလန်က ရန်သူတော်တွေဖြစ်သွားတော့မှာပဲ။ အခုအမေရိကား ရင်ဆိုင်နေရသလိုမျိုးပေ့ါ။ လမ်းဘေးဗုံးတွေ၊ အသေခံဗုံးတွေနဲ့ နယ်သာလန်လည်း အီရတ်လိုဖြစ်သွားမှာ သေချာတယ်"

ဒီတခါပေးလိုက်တဲ့ ဥပမာက ရက်စက်လွန်းသွားတယ်ထင်သည်။ အဲလ်ဘတ်ဆီက နောက်ထပ်ဘာစကားမှ ထွက်မလာတော့။ သူ့နိုင်ငံရဲ့ အနာဂတ်အရေး တွေးနေပုံရသည်။ ကားစက်နှိုးထားရင်း ရုတ်တရက် မမောင်းသေးဘဲ အဝေးတနေရာဆီ ငေးကြည့်နေသည်။

နေသွင်

ဇွန်လ ၁၃၊ ၂၀၁၀

## နိုဘဲလ်ငြိမ်းချမ်းရေး ဆုရှင်ကို

### ဒီမိုကရေစီဆု ထပ်မံချီးမြှင့်



မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပါကစ္စတန်နိုင်ငံရဲ့ လက်ရှိအာဏာရပါတီ PPP က Benazir Bhutto ဒီမိုကရေစီဆုကို ချီးမြှင့်လိုက်ပါတယ်။

ဒီဆုကို ပါကစ္စတန်နိုင်ငံက ဒီမိုကရေစီခေါင်းဆောင်တဦးဖြစ်တဲ့ ဝန်ကြီးချုပ်ဟောင်း Benazir Bhutto ကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီမိုကရေစီအရေးဆောင်ရွက်နေသူတွေ၊ လူ့အခွင့်အရေးရရှိအောင်ဆောင်ရွက်နေသူတွေ၊ အများအတွက်ပရဟိတအကျိုး လုပ်ဆောင်နေသူတွေနဲ့ အမျိုးသမီးများ စွမ်းရည်မြှင့်တင်ရေးလုပ်ဆောင်နေသူတွေလို့ ကဏ္ဍ(၄) မျိုးမှာ ဆုခွဲပေးတာ ဖြစ်ပါတယ်။

စစ်အစိုးရရဲ့ နေအိမ်အကျယ်ချုပ်ဘဝနဲ့နှစ်ရှည်လများ ချုပ်နှောင်ခံနေရပေမယ့် စစ်အာဏာရှင်စနစ်ကို မဆုတ်မနစ်ပဲခုခံတိုက်ပွဲဝင်နေတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရဲရင့်တဲ့သတ္တိကိုဂုဏ်ပြုတဲ့အနေနဲ့ အခုလို ဘီနစ်ဇာဘူတိုဆု ချီးမြှင့်ရတာဖြစ်တယ်လို့ ဇွန်လ (၂၂) ရက်က ထုတ်ပြန်တဲ့ ပါကစ္စတန်နိုင်ငံအစိုးရအဖွဲ့ရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

မစ္စဘီနစ်ဇာဘူတိုဟာ ပါကစ္စတန်နိုင်ငံရဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့် အရေးအတွက် မဲဆွယ်စည်းရုံးနေစဉ်မှာ လုပ်ကြံသတ်ဖြတ်ခံလိုက်ရတဲ့ ပါကစ္စတန်ပြည်သူ့ပါတီ PPP ရဲ့ ထင်ရှားတဲ့ ခေါင်းဆောင်တဦးလည်း ဖြစ်ပါတယ်။ ♦♦♦

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မိုးကြိုး သတင်းစဉ် သို့ ...

မိုးကြိုးအယ်ဒီတာအဖွဲ့
အယ်ဒီတာချုပ် - ဇီဝဇိုး
တာဝန်ခံအယ်ဒီတာ - ရေချမ်း
သတင်းအယ်ဒီတာ - မင်းမင်း၊
- စောဒီထူး
စာမျက်နှာဖွဲ့စည်းမှု - အောင်ထက်
စောင်ရေ - ၁၀၀၀
တန်ဖိုး - ၅ ဘတ်

စာမူများ၊ ဝေဖန်အကြံပြုစာများအား အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြပါသည်။

P.O.Box (91)
Tak, 63110
Mae Sod,Thailand.
admin@binamojo.org
www.binamojo.org

ပြည်တွင်း
လုပ်ရှားမှုဓာတ်ပုံများအား
အသုံးပြုခွင့်ပေးသည့်
နိုင်ငံရေး
အံ့တုမှုကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။
အယ်ဒီတာအဖွဲ့

# စစ်အစိုးရ၏ နျူကလီးယားဆိုင်ရာ ထိပ်တန်းလျှို့ဝှက်ချက် နိုင်ငံတကာသို့ ပေါက်ကြား



မြန်မာစစ်အစိုးရ လျှို့ဝှက်လုပ်ဆောင်နေတဲ့ နျူကလီးယားလက်နက်ဆိုင်ရာ အထောက်အထားတွေကို ပြည်ပတိမ်းရှောင်လာတဲ့ တပ်မှူးတဦးက နိုင်ငံတကာကို ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

ဒုံးပျံအင်ဂျင်အထူးပြုဘာသာရပ်နဲ့ ရုရှားကဘွဲ့ရခဲ့တဲ့ ဗိုလ်မှူးစိုင်းသိန်းဝင်းက စစ်အစိုးရလျှို့ဝှက်လုပ်ဆောင်နေတဲ့ နျူကလီးယား၊ ဒုံးကျည်နဲ့ ဥမင်လိုဏ်ခေါင်းစီမံကိန်းကိစ္စတွေနဲ့ပတ်သက်ပြီး ဒီဗွီဘီသတင်းဌာနကို ဖွင့်ချပြောဆိုလိုက်ပါတယ်။

ဗိုလ်မှူးစိုင်းသိန်းဝင်းဟာ မကွေးတိုင်း ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်က လျှို့ဝှက်နျူကလီးယားစစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံရဲ့ ဒုတိယအကြီးအကဲဖြစ်ပြီး စစ်သက်တမ်း (၁၅) နှစ်ရှိသူ၊ အဆင့်မြင့်ခေတ်မီစက်ပစ္စည်းများအကြောင်း ကောင်းကောင်းသိသူဖြစ်တဲ့အပြင် အတွေ့အကြုံရှိတဲ့ စက်မှုအင်ဂျင်နီယာတယောက်လည်းဖြစ်ပါတယ်။



ပြည်ပကိုထွက်ပြေးတိမ်းရှောင်လာပြီးတဲ့နောက်သူနဲ့အတူယူ ဆောင်လာတဲ့စာရွက်စာတမ်းနဲ့ နျူကလီးယားဆိုင်ရာ ဓာတ်ပုံအထောက်အထားတွေမှာပါတဲ့ အချက်အလက်တွေဟာ လက်နက်ထုတ်လုပ်ရာမှာ အသုံးဝင်တယ်လို့ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ ( IAEA) ရဲ့ စစ်ဆေးရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ရောဘတ်ကယ်လ်လီကမှတ်ချက်ချပါတယ်။

အခုလို မြေအောက်လိုဏ်ခေါင်းတွေတည်ဆောက်တာ၊ တာဝေးပစ်စကော့ဒ်ဒုံးကျည်တွေလုပ်နေတာ၊ နျူကလီးယားလက်နက်ပိုင်ဖို့ကြိုးစားနေတာတွေလုပ်နေပေမယ့် တဖက်ကအမှန်တကယ်လိုအပ်တာက လူတွေတော်ပြတ်နေတာ၊ ရေမီးမလုံလောက်တာနဲ့ ပြည်သူတွေရဲ့ စားဝတ်နေရေးကိစ္စကိုအဓိကထား ဖြေရှင်းပေးရမှာဖြစ်တယ်လို့ ဗိုလ်မှူးစိုင်းသိန်းဝင်းက ဒီဗွီဘီကိုပြောပါတယ်။

မြန်မာနိုင်ငံရဲ့ကာကွယ်ရေးဦးစီးချုပ်လုပ်ခဲ့ဘူးသူနဲ့ အခုအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဒုတိယဥက္ကဋ္ဌလည်းဖြစ်တဲ့ဦးတင်ဦးကတော့ "အခုလိုပိုက်ဆံတွေအကုန်ခံပြီး မြေကျင်းကြီးတွေတူး၊ တွင်းအောင်းလုပ်ဖို့မလိုဘူးလို့ထင်တယ်။ ဒီလိုနေလို့

စာမျက်နှာ (၁၂) ကော်လံ (၃) သို့ ...



ကျေးဇူးပြုပြီး ဗမာပြည်အတွက်၊ ကျနော်တို့အတွက် ပိုပိုပြီးလွတ် မြောက်မှုကိုဆောင်ကျဉ်းပေးကြပါ။ ကျနော်တို့ဟာ ဒါအတွက် တိုက်ပွဲဝင်နေတာဖြစ်ပြီး ဒါကိုဆောင်ကျဉ်းလာမယ့် လူပုဂ္ဂိုလ်တွေ၊ အချို့အဖွဲ့အစည်းနဲ့နိုင်ငံတွေကို စောင့်စားနေပါတယ်။

ဦးဝင်းတင်

ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ အမြန်ဆုံးလွတ်မြောက်ဖို့၊ ဒါ့အပြင် နိုင်ငံသားတိုင်းရဲ့အခွင့်အရေးများကို လေးစားတန်ဖိုးထားတဲ့ တည်ငြိမ်မှုရှိပြီး ချမ်းသာကြွယ်ဝတဲ့ မြန်မာနိုင်ငံထူထောင်ဖို့ မြန်မာစစ်အစိုးရကို ထပ်တလဲလဲတောင်းဆိုချင်ပါတယ်။

အိုဘားမား (အမေရိကန်သမတ)



ဝန်ကြီးချုပ်ရဲ့ နောက်ဆုံးရေးတဲ့စာအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နယ်လ်ဆင်မင်ဒဲလားဆီကို ကျနော်စာများရေးခဲ့ရတဲ့အကြောင်းရင်းက ဒေါ်အောင်ဆန်းစုကြည် မလွတ်မြောက်သေးသ၍ ကျနော်တို့ဟာ လွတ်လပ်တဲ့ကမ္ဘာအကြောင်း မပြောနိုင်သလို မင်ဒဲလား ရဲ့အိပ်မက်ဖြစ်တဲ့ ကမ္ဘာလုံးဆိုင်ရာပညာရေးနဲ့ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးတို့ကို အသိအမှတ်မပြုနိုင်သေးသ၍ တရားမျှတမှုဆိုတာမရှိဘူးဆိုတဲ့ အချက်



ကို ကမ္ဘာတဝှမ်းလုံးကို သတင်းစကားဖြန့်ဝေချင်လို့ပဲဖြစ်ပါတယ်။ ကျနော်တို့ဟာ ဘယ်ရာထူးအဆင့်အတန်းမှာပဲရှိရှိ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးနဲ့ ဒီမိုကရေစီပြန့်ပွားဖြစ်ထွန်းရေးအတွက် တိုက်ပွဲဝင်ဖို့ဟာ ကျနော်တို့ရဲ့တာဝန်ပဲဖြစ်ပါတယ်။

ဂေါ်ဒွင်ဘရောင်း
(ဗြိတိသျှဝန်ကြီးချုပ်ဟောင်း)



# ကိုတင်မောင်ဦး
## သို့မဟုတ်
# သမိုင်းသွေးကို ရဲရင့်စေသူ

**မင်းတို့စစ်ဖိနပ်အောက်မှာ ငါ့ဘယ်တော့မှ ဒူးမထောက်ဘူး**

၁၉၇၆ ခု၊ ဇွန်လ (၂၆) ရက်။

### ကိုတင်မောင်ဦး၏ ကိုယ်ရေးရာဇဝင်

ကိုတင်မောင်ဦးသည် ဖခင်ဖြစ်သူဦးလှဒင်နှင့် မိခင်ဖြစ်သူ ဒေါ်နှင်းမြိုင်တို့၏ သားဖြစ်ပြီး ၁၉၅၁ ခုနှစ်၊ နိုင်ဝင်ဘာလ (၉) ရက်နေ့တွင် တောင်ငူမြို့၌မွေးဖွားခဲ့သည်။ သားသမီး (၈) ဦးအနက် အကြီးဆုံးသားဖြစ်၍ သူသည် အရှိုချင်း အမျိုးသားတဦးဖြစ်သည်။

### ငယ်စဉ်ဘဝဖြတ်သန်းမှု

တင်မောင်ဦးသည် ဉာဏ်ပညာထက်မြက်သည်။ လျှင်မြန်ဖျတ်လတ်သည်။ အားကစား ဝါသနာပါသလို အားကစားလည်း ထူးချွန်သည်။ ဝိတ်ကစားသည်။ ရေကူးထူးချွန်သည်။ ကိုယ်ခံ ပညာတတ်သည်။ အနုပညာလည်း ဝါသနာပါသည်။ ဘာသာတရားကိုင်းရှိုင်းပြီး မိဘကိုလည်း ရိုသေချစ်မြတ်နိုးသူဖြစ်သည်။ ညီငယ်၊ ညီမငယ်များကိုလည်း သူ၏အတွေးအခေါ်များကို အမြဲပြောလေ့ရှိပြီး အိမ်စာများကိုလည်း အမြဲကူညီ ပြသပေးလေ့ရှိသည်။ မိသားစု၊ ညီအစ်ကို မောင်နှမ၊ မိတ်ဆွေအပေါင်းအသင်းများနှင့် နောက်ပြောင်ကာ အမြဲတမ်းပြုံးပျော်ရွှင်စွာနေတတ်သူဖြစ်သည်။ မိတ်ဆွေအပေါင်းအသင်းများကို အလွန်တန်ဖိုးထားချစ်ခင်သူဖြစ်သည်။ ကြင်နာသနားတတ်ပြီး ပေးကမ်းရက်ရောတတ်သူလည်းဖြစ်သည်။ သူ၏ထူးခြားချက်တခုမှာ အချိန်တိုင်း၊ နာရီတိုင်းကို တန်ဖိုးရှိစွာ အသုံးချသူဖြစ်သည်။ စာဖတ်ဝါသနာပါ၍ နိုင်ငံရေးနှင့်ပတ်သက်သော စာပေများကိုအမြဲဖတ်လေ့ရှိသည်။

### နိုင်ငံရေးလှုပ်ရှားမှု

ကိုတင်မောင်ဦးသည် ၁၉၆၉ ခုနှစ်၊ ငါးကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပွဲတွင် တက်ကြွစွာပါဝင်ခဲ့သည်။ အခြေခံပညာအထက်တန်းကိုအောင်မြင်ခဲ့ပြီးနောက် ၁၉၇၂ ခုနှစ် သတ္တဗေဒပညာရပ် ပထမနှစ်၌ ပညာသင်ကြားနေစဉ် နိုင်ငံရေးလှုပ်ရှားမှုများပြုလုပ်သဖြင့် ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာ (၅) ရက်နေ့မှ ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလ (၃) ရက်နေ့အထိ လုံခြုံရေးအရ ထိန်းသိမ်းခံခဲ့ရသည်။ ထောင်မှလွတ်မြောက်လာသောအခါ တတိယနှစ် သတ္တဗေဒပညာရပ်ကို ဆက်လက်သင်ကြားခဲ့သည်။ ၁၉၇၄ ခုနှစ် ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်တက္ကသိုလ်) တွင် အထွေထွေအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၇၄ ခုနှစ်၊ ဇွန်လ (၆) ရက်နေ့တွင် ဖြစ်ပွားခဲ့သော အထွေထွေအလုပ်သမားသပိတ်ကြီးတွင် ကိုတင်မောင်ဦးသည် သူ၏သူငယ်ချင်းဖြစ်သူ ကိုအောင်ထူး (ယခုပြည်ပရောက် မြန်မာနိုင်ငံလုံးဆိုင်ရာရှေ့နေများ ကောင်စီ၊ အထွေထွေအတွင်းရေးမှူး) အပါအဝင် သူ၏ သူငယ်ချင်းတချို့နှင့်အတူ တက္ကသိုလ်ဘော်ဒါဆောင်နေ ကျောင်းသားအချို့ကိုစည်းရုံးပြီး ရန်ကုန်–အင်းစိန်လမ်းမကြီးတလျှောက်ရှိ သမိုင်းချည်မျှင်နှင့် အထည်စက်ရုံ၊ ဘီစကွတ်စက်ရုံ၊ အုတ်ကျင်းဂုံနီစက်ရုံ အစရှိသည့် အစိုးရပိုင်စက်ရုံများရှိ အလုပ်သမားများနှင့်အတူ အလုပ်သမားများ၏ အခွင့်အရေးများ ရရှိရေးအတွက် စစ်အာဏာရှင် (မဆလ) တပါတီအာဏာစနစ်ကို ဆန့်ကျင်ဆန္ဒပြခဲ့သည်။ ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက်နေ့တွင်ဖြစ်ပွားခဲ့သော ဦးသန့်အရေးအခင်းတွင် တက်ကြွစွာဦးဆောင်ပါဝင်ကာ စစ်တပ်ကို ရဲရဲဝံ့ဝံ့ ဆန့်ကျင်ခဲ့သော ကျောင်းသားခေါင်းဆောင်တဦးဖြစ်သည်။ ယင်းနောက် မြေအောက်သို့တိမ်းရှောင်သွားခဲ့ပြီး ထိုင်းနယ်စပ်ရှိ ပြည်ချစ်ပါတီသို့ ၁၉၇၅ ခုနှစ်၊ မတ်လတွင် လျှို့ဝှက်စွာသွားရောက်ဆက်သွယ်ခဲ့ပြီး ပြည်တွင်းကျောင်းသားလှုပ်ရှားမှုများကို ကူညီရန်ဆွေးနွေးခဲ့သည်။ သည့်နောက်တွင် ပိုမိုထိရောက်သည့် ကျောင်းသား လှုပ်

ရှားမှုများပြုလုပ်ရန်အတွက် ပြည်တွင်းသို့ ပြန်လည်ဝင် ရောက်လာခဲ့ကာ ၁၉၇၅ ခုနှစ်၊ ဇွန်လ (၆) ရက်နေ့တွင် ဖြစ်ပွားခဲ့သော အလုပ်သမားနှစ်ပတ်လည် အရေးအခင်း တွင် ဦးဆောင်ပါဝင်ခဲ့သည်။ စစ်အစိုးရက သူ့အားဖမ်းဆီးရန် သတင်းစာ၌ ထုန်ပြန်ကြေညာခဲ့သော ကြောင့် ထိုင်းနယ်စပ်ရှိ ပြည်ချစ်ပါတီသို့ ၁၉၇၅ ခုနှစ်၊ ဇူလိုင်လတွင် ဒုတိယအကြိမ် တိမ်းရှောင်ခဲ့ရသည်။ ပြည်ချစ်ပါတီသို့ ရောက်ရှိနေစဉ်ကာလအတွင်း အဝေးရောက် စစ်အာဏာရှင်ဆန့်ကျင်ရေး ကျောင်းသားသမဂ္ဂကို ဖွဲ့စည်းခဲ့ပြီး ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ သူ့အားဖမ်းဆီးရန် ဝရမ်းထုတ်ထားသည့်ကြားက ပြည်သူလူထု တရပ်လုံး စစ်အာဏာရှင်စနစ်လက်အောက်မှ လွတ်မြောက်ရန် သူ၏ အသက်အန္တရာယ်ကိုပဓာနမထားဘဲ ထိရောက်သည့် ကျောင်းသားလှုပ်ရှားမှုများကိုပြုလုပ်ကာ ကျောင်းသား ပြည်သူတရပ်လုံး၏အင်အားဖြင့် စစ်အစိုးရအား ဖြုတ်ချရန်အတွက် ကိုတင်မောင်ဦးသည် ၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလတွင် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။ သူသည် ပြည်ချစ်ပါတီသို့ သွားရောက်ဆက်သွယ်ခဲ့သော်လည်း လက်နက်စွဲကိုင်ခြင်းမပြုဘဲ ငြိမ်းချမ်းသောနည်းဖြင့် ပြည်သူ့ဆန္ဒကိုဖော်ထုတ်ခဲ့သော ကျောင်းသားခေါင်းဆောင်တဦးဖြစ်သည်။ မြောက်များစွာသော စစ်ထောက်လှမ်းရေးတွေလိုက်နေသည့်ကြားက ပြေးလွှားရှောင်ပုန်းရင်း ပြည်သူလူထုလွတ်မြောက်မှု၊ တရားမျှတမှု၊ လူ့အခွင့်အရေးရရှိဖို့၊ ဒီမိုကရေစီ ရရှိဖို့အတွက် အသက်ပေးစွန့်လွှတ်ကာ သမိုင်းပေးတာဝန်ကျေခဲ့သော ကျောင်းသားအာဇာနည်တဦးဖြစ်သည်။ ၁၉၇၆ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့တွင်ပြုလုပ်မည့် မှိုင်းရာပြည့်အရေးအခင်းအတွက် ကြိုးပမ်းနေစဉ် ၁၉၇၆ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့တွင် သမိုင်းချည်မျှင်စက်ရိပ်သာ အလုပ်သမားတန်းလျား ဒုတိယထပ်တွင် ဖမ်းဆီးခံခဲ့ရသည်။

ကိုတင်မောင်ဦးသည် နိုင်ငံရေးအသွေးအရောင်ကင်းမဲ့သူ၊ မဟုတ်မခံ၊ အမှန်တရားဘက်ကရပ်တည်သူ၊ ဖိနှိပ်ခံပြည်သူဘက်ကရပ်တည်သူ၊ ကိုယ်ကျိုးစွန့် အနစ်နာခံတတ်သူ၊ သစ္စာရှိသူ၊ ကျောင်းသားထုရဲ့အသွင်လက္ခာကို ကိုယ်စားပြုတဲ့ တောက်ပြောင်တဲ့လူငယ်တဦး၊ ခွပ်ဒေါင်းအမှတ်အသားနဲ့ ထိုက်တန်တဲ့ကျောင်းသားသူရဲကောင်းတဦးဖြစ်သည်။ ကိုတင်မောင်ဦးကို ၁၉၇၆ ခုနှစ် မတ်လ (၂၂) ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး အင်းစိန်ထောင်တွင် (၃) လအတွင်း အကျဉ်းရုံးစစ်ဆေးကာ ၁၉၇၆ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့ နံနက်လင်းအားကြီးအချိန်တွင် စစ်အာဏာပိုင်တွေရဲ့ လက်ပါးစေတွေဟာ ရက်စက်ယုတ်မာစွာ ကြိုးပေးကွပ်မျက်ခဲ့ကြသည်။ ကိုတင်မောင်ဦးဟာ နောက်ဆုံးအချိန်အထိ စစ်အာဏာရှင်တွေရဲ့ လက်ပါးစေတွေကို သတ္တိပြောင်စွာ ခုခံတိုက်ခိုက်သွားခဲ့သည်။ ကိုတင်မောင်ဦး နောက်ဆုံးပြောသွားတာကတော့ “မင်းတို့ စစ်ဖိနပ်အောက်မှာ ငါ ဘယ်တော့မှ ဒူးမထောက်ဘူး။ မင်းတို့ ငါ့ကိုသတ်လို့ရပေမယ့် ငါ့ရဲ့ခံယူချက်နဲ့ စိတ်ဓာတ်ကိုတော့ ဘယ်တော့မှ သတ်လို့မရဘူး” ဆိုတဲ့ကြွေးကြော်သံတွေနဲ့ သတ္တိရှိစွာ ရင်ဆိုင်သွားခဲ့ပါတယ်။

ကိုတင်မောင်ဦး မိသားစု





ကိုတင်မောင်ဦး မိသားစုနှင့်
ဖမ်းဆီးခံရစဥ် ကျန်ရစ်ခဲ့သည့် ကလေးငယ်များ



ဂါမဏိ (၇၅ အရေးအခင်း)

မှိုင်းရာပြည့်အရေးအခင်းမှာ မလုမြိုင်က "ဗိုလ်ချုပ်ကြီးတင်ဦး ကျန်းမာပါစေ"လို့ ကြွေးကြော်ခဲ့တယ်လို့ ထောင်ထဲရောက်လာတဲ့ မှိုင်းရာပြည့် အမှုတွဲ ကျောင်းသားတွေဆီကတဆင့် ကြားသိရပါတယ်။ သည် ကြွေးကြော်သံကို ဘာကြောင့်တင်ပါသလဲ။

ကိုတင်မောင်ဦး မပါဝင်လိုက်ရတဲ့ မှိုင်းရာပြည့် အရေးအခင်းမှာ ဒီကြွေးကြော်သံ ဟာ သိပ်အရေးကြီးတယ်။ တပ်မတော်ဟာ ပြည်သူတွေနဲ့ အတူ အမှန်တရားဘက်မှာ ရပ်တည်လာနိုင်တယ်ဆိုတဲ့ယုံကြည်ချက်ကြောင့် ဒီကြွေးကြော်သံကို ကျွန်မကြွေးကြော်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်မအနေ နဲ့ စစ်တပ်ကို အမှန်တရားဘက်က မားမားမတ်မတ်ဝင်ရပ်စေချင်တဲ့သဘောပါ။ မြန်မာနိုင်ငံရဲ့ သမိုင်းမှာ တပ်မတော်ဟာ တိုင်းပြည်ကိုချစ်တဲ့၊ အမှန်တရားဘက်ကရပ်တည်ခဲ့တဲ့ တပ်မတော်၊ စစ်အာဏာရှင်စနစ်ကို အဆုံးသတ်စေခဲ့တဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲ့သမိုင်းကို ပြောင်းလဲပေးခဲ့တဲ့တပ်မတော် ဖြစ်စေချင်ပါတယ်။

ကိုညာဏ်ဝင်း (မှိုင်းရာပြည့်အရေးအခင်း)

ကိုတင်မောင်ဦးလို တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်ပေးစွန့်လွှတ်သွားခဲ့တဲ့သူမျိုး၊ မျိုးဆက်သစ်လူငယ်တွေထဲမှာ နောက်တခါ ထပ်မံပေါ်ထွက်လာအောင်လုပ်ဆောင်ဖို့ ဘယ်လိုစိတ်ကူးစိတ်သန်းများ ရှိပါသလဲ။

ကိုတင်မောင်ဦးလို တိုင်းပြည်နဲ့လူမျိုးအတွက် အသက်ပေးစွန့်လွှတ်သွားတဲ့သူမျိုး၊ မျိုးဆက်သစ်လူငယ်တွေထဲမှာ နောက်ထပ်တခါ ထပ်မံပေါ်ထွက်လာဖို့ လူငယ်တွေကို ပျိုးထောင်ပေးဖို့လိုပါတယ်။ ဒါတင်မက စစ်အာဏာရှင်စနစ်ဆိုးကြီး အဆုံးသတ်နိုင်ဖို့အတွက် စစ်အာဏာရှင်တွေရဲ့ ရက်စက်အနိုင်ကျင့်မှုတွေ၊ အဓမ္မ လုပ်ရပ်တွေ၊ သမိုင်းဖြစ်ရပ်အမှန်တွေကို လက်ဆင့်ကမ်းခဲ့ကြဖို့ လိုပါတယ်။ ယနေ့လူငယ်တွေ ပညာသင်ကြားနေကြတဲ့တက္ကသိုလ်တွေမှာ ၁၉၆၂၊ ၁၉၇၄၊ ၁၉၇၅၊ ၁၉၇၆၊ ၁၉၈၈ ခုနှစ်တွေတုန်းက ပညာသင်ကြားခဲ့ကြတဲ့ တိုင်းပြည်နဲ့လူမျိုးကို ချစ်တဲ့ နောင်တော်ကျောင်းသားကြီးတွေရဲ့ ခွပ်ဒေါင်းအလံတော်အောက်က သတ္တိတွေ၊ ကြွေးကြော်သံတွေ၊ စွန့်လွှတ်အနစ်နာခံမှုတွေကို လက်ဆင့်ကမ်းပေးနိုင်ခဲ့ဖို့ လိုအပ်လှပါတယ်။

တချိန်က ရန်ကုန်ဝိဇ္ဇာနဲ့သိပ္ပံတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ ဆေးတက္ကသိုလ်အစရှိတဲ့ တက္ကသိုလ်တွေဟာ သမိုင်းအစဉ်အလာကြီးမားခဲ့ပြီး၊ နိုင်ငံရေးလှုပ်ရှားမှုမှန်သမျှဟာ တက္ကသိုလ်နယ်မြေက စခဲ့တာ ဖြစ်ပါတယ်။ အင်းဝ၊ ပင်းယ၊ ပဲခူး၊ ဒဂုံ၊ သထုံ၊ စစ်ကိုင်း အစရှိတဲ့ ကျောင်းဆောင်တွေမှာ ရဲရဲတောက် ခွပ်ဒေါင်းကျောင်းသားကြီးတွေဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် လှုပ်ရှားခဲ့ကြတယ်ဆိုတာကို အသိပေးခဲ့ဖို့လိုပါတယ်။

အရေးကြီးတာက စစ်အာဏာရှင်စနစ်ဆိုး သက်ဆိုးရှည်နေသရွေ့ ပြည်သူတွေ လိုလားတောင့်တတဲ့၊ ပြည်သူလူထုကို အကျိုးရှိစေတဲ့ အခြေခံဥပဒေနဲ့ ပြည်သူတွေ မျှော်မှန်းတဲ့ဒီမိုကရေစီဆိုတာ ဘယ်တော့မှထွန်းကားလာမှာမဟုတ်ဘူးဆိုတာတွေကို ပေါ်လွင်အောင် မျိုးဆက်သစ်တွေကို အသိပေးဖို့လိုပါတယ်။

ကိုသန်းထွဋ် (၇၅ အရေးအခင်း)

မဆလ စစ်အာဏာရှင်လက်ထက် (၇၄) အခြေခံဥပဒေအောက်မှာ ကြိုးပေးသတ်ခံခဲ့ရတဲ့ ချင်းအမျိုးသား ကိုတင်မောင်ဦးဟာ သူရဲ့ချင်းအမျိုးသားတွေအတွက် ဘယ်လိုရှေ့ဆောင်လမ်းပြချင်တဲ့ မှာကြားမှုများ ရှိခဲ့မယ်ထင်ပါသလဲ။

ကိုတင်မောင်ဦးဟာ ချင်းအမျိုးသားတဦး ဖြစ်ပါတယ်။ သူဟာ သူ့လူမျိုးကိုချစ်တယ်။ ချင်းအမျိုးသားတယောက်ဖြစ်ရတာကိုလည်း ဂုဏ်ယူတယ်။ ရန်ကုန်–ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ၁၉၇၄–၇၅ စာသင်နှစ် ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီမှာ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

ဒါပေမယ့် ကိုတင်မောင်ဦးဟာ ချင်းလူမျိုး တမျိုးတည်းအတွက်မဟုတ်ဘဲ ချင်းတိုင်းရင်းသားများနဲ့တကွ တိုင်းရင်းသားလူမျိုးစု အားလုံးအပါအဝင် ပြည်ထောင်စုမြန်မာနိုင်ငံသူနိုင်ငံသား အားလုံး (တတိုင်းပြည်လုံး) စစ်အာဏာရှင်စနစ်ဆိုးကြီးရဲ့ ဖိနှိပ်မှုအောက်က လွတ်မြောက်ဖို့အတွက် တိုက်ပွဲဝင်ခဲ့တဲ့ ကျောင်းသား အာဇာနည်တဦး ဖြစ်ပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်မှု၊ တရားမျှတမှု၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးရရှိဖို့အတွက် ချင်းတိုင်းရင်းသား အား



လုံးဟာလည်း အခြားတိုင်းရင်းသားညီအကို မောင်နှမတွေနဲ့အတူလက်တွဲပြီး စစ်အာဏာရှင်စနစ်အဆုံးသတ်ပြီး မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ဒီမိုကရေစီပန်းတိုင်ရောက်တဲ့အထိ တိုက်ပွဲဝင်သွားဖို့ မှာကြားခဲ့ချင်မယ် ထင်ပါတယ်။

**စိုးသစ် (မှိုင်းရာပြည့်)**

ကိုတင်မောင်ဦးဆီက ပထမဆုံး နက်နဲတဲ့ နိုင်ငံရေးအတွေးအခေါ်တခုကို အခြေခံတယ်လို့ ယူဆရတဲ့အပြောအဆိုတခုလောက် သတိရရင် ပြန်ပြောပြစေချင်ပါတယ်။

တနေ့မှာ ကျွန်မ သူ့ကိုမေးခွန်းတခု မေးခဲ့ဖူးတယ်။ မေးခွန်းကတော့ "ကိုတင်မောင်ဦး ဘာကြောင့် နိုင်ငံရေးလုပ်ချင်တာလဲ"ဆိုတဲ့ မေးခွန်းပါ။ ကိုတင်မောင်ဦးရဲ့အဖြေကတော့ "လောကမှာ လူတိုင်း လူတိုင်းဟာ မိမိရဲ့မိသားစုကိုချစ်ကြတယ်။ လူတွေမဆိုထားနဲ့ တိရိစ္ဆာန်တွေတောင် မိမိရဲ့မိသားစုကိုချစ်တတ်ကြတယ်။ ကြက်ကလေး၊ ငှက်ကလေးတွေတောင် သူတို့ရဲ့ကလေးတွေကို ကာကွယ်စောင့်ရှောက် ကျွေးမွေးတတ်ကြတယ်။ ဒီ

> **"မင်းတို့ စစ်ဖိနှပ်အောက်မှာ ငါဘယ်တော့မှ ဒူးမထောက်ဘူး**
> **မင်းတို့ငါ့ခန္ဓာကိုယ်ကို သတ်လို့ရပေမယ့်**
> **ငါ့စိတ်ဓာတ်နဲ့ ခံယူချက်ကိုတော့ ဘယ်တော့မှ သတ်လို့မရဘူး..."**

တော့ လူဆိုရင် မိမိရဲ့မိသားစုသာမက မိမိပတ်ဝန်းကျင်၊ မိမိပတ်ဝန်းကျင်သာမက မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်တတ်ရမယ်။ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံမှာဖြစ်ပျက်နေတဲ့ မတရားမှုတွေ၊ ရက်စက်အနိုင်ကျင့်မှုတွေ၊ ဖိနှိပ်မှုတွေကိုမြင်တတ်ရမယ်။ ကာကွယ်စောင့်ရှောက်တတ်ရမယ်။ တွန်းလှန်တတ်ရမယ်" လို့ သူဖြေခဲ့ပါတယ်။ နှုတ်နဲ့ဖြေရုံသာမက စာရွက်တရွက်မှာရေးပြီး တအိမ်လုံး မြင်နိုင်တဲ့ စားပွဲတလုံးပေါ်မှာ တင်ထားခဲ့တာကြောင့် ယနေ့တိုင် "၏.. သည်"မရွေး မှတ်မိနေခြင်းပါ။

**မောင်မောင်တိုက် (ဦးသန့်အရေးအခင်း)**

ကိုတင်မောင်ဦးနဲ့ ကျန်တဲ့မိသားစုအားလုံးကိုပါ ဖမ်းဆီးသွားတဲ့နောက်ပိုင်း လူမမယ်ကလေးငယ်တချို့ပဲ အိမ်မှာကျန်ခဲ့တယ်လို့သိရပါတယ်။ သူတို့ဘယ်လိုခံစားရမယ်လို့ ထင်ပါသလဲ။

ကိုတင်မောင်ဦးနှင့် မိဘ၊ အကိုနဲ့ အမတွေဖမ်းဆီးသွားပြီးနောက် အိမ်တွင် (၁၀) နှစ်ကျော်ကလေးနဲ့အတူ (၉) နှစ်၊ (၇) နှစ်နှင့် (၅) နှစ်အရွယ် (ကလေး ၃ ယောက်) စုစုပေါင်း ကလေး (၄) ယောက် ကျန်ရှိခဲ့ပါတယ်။

ဒီကလေးများဟာ တဖြည်းဖြည်းနှင့် အသက်ကြီးလာသည်နှင့်အမျှ သူတို့၏အတွေးအခေါ်စိတ်ဓာတ်နှင့် ဉာဏ်ပညာများလည်း ကြီးထွားလာခဲ့ကြပါတယ်။ ကိုတင်မောင်ဦးရဲ့ ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်များကိုလည်း နားလည်လာခဲ့ကြပါတယ်။ ကိုတင်မောင်ဦးဟာ ဆင်းရဲပြီး အဖိနှိပ်ခံနေရတဲ့ ပြည်သူတွေအားလုံး စစ်အာဏာရှင်စနစ်အောက်က လွတ်မြောက်နိုင်ဖို့အတွက် တိုက်ပွဲဝင်သွားခဲ့တယ်ဆိုတာကို ပို၍ ပို၍ သဘောပေါက်လာတာနဲ့အမျှ သူတို့ရဲ့ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ဆုံးရှုံးခဲ့ခြင်းဆိုတဲ့ မဖော်ပြနိုင်တဲ့ ဒီခံစားချက်တွေနေရာမှာ ဂုဏ်ယူခြင်း၊ တန်ဖိုးထားခြင်း၊ အသိအမှတ်ပြုလေးစားခြင်း ဆိုတာတွေနဲ့ အစားထိုးနိုင်ခဲ့ကြပါတယ်။

သူတို့ရဲ့ရင်ထဲမှာ ကိုတင်မောင်ဦး နောက်ဆုံးရိုက်ပြီး မိသားစုကိုပေးခဲ့တဲ့ ဓာတ်ပုံရဲ့ကျောဘက်မှာ ရေးသားခဲ့တဲ့စာသားအတိုင်း "တရားမျှတမှု၊ လွတ်လပ်မှု၊ လူသားပီသစွာ အသက်ရှင်နေနိုင်မှု"တို့အတွက် သတ္တိပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့တဲ့ အကိုကြီးဖြစ်သူ ကိုတင်မောင်ဦးဟာ သူတို့ရဲ့ရင်ထဲမှာ အမြဲတမ်းအသက်ရှင်သွားမှာဖြစ်ပြီး အမြဲတမ်း ဂုဏ်ယူနေကြမှာဖြစ်ပါကြောင်း ပြောပြကြပါတယ်။

**ကိုစိုးဝင်း (၇၅ အရေးအခင်း)**

ကိုတင်မောင်ဦးရဲ့ဖခင်ဟာ တပ်မတော်သားတဦးဖြစ်ပေမယ့် တပ်မတော်စစ်မှုထမ်းတဦးရဲ့ မိသားစုဟာ ဘယ်လိုအကြောင်းတွေကြောင့် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးစိတ်ဓာတ်တွေ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရပါသလဲ။

ကိုတင်မောင်ဦးရဲ့ ဖခင်ဟာ ဒုတိယကမ္ဘာစစ်ကာလအတွင်းမှာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဖက်ဆစ်ဂျပန်ကို ရှုပ်ရှုပ်ချုံချုံ သက်စွန့်ဆံဖျား ခုခံတိုက်ခိုက်ခဲ့တဲ့ တပ်မတော်သားကောင်းတဦးဖြစ်ပါတယ်။

ဒုတိယကမ္ဘာ စစ်ကြီးပြီးတဲ့အခါ အဖေဟာ ဗမာ့တပ်မတော် ဗိုလ်သင်တန်း အမှတ်စဥ် (၇) ကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းမဆင်းမီမှာပဲ အဖေဟာ သူ့ရဲ့လေးစားတန်ဖိုးထားတဲ့ တပ်မတော်ကို ကျောခိုင်းထွက်ခွာခဲ့တယ်။ တပ်မတော်ထဲမှာ အထက်အရာရှိတွေဟာ လက်တွေ့မကျတဲ့ အပြောတမျိုး၊ အလုပ်တမျိုး၊ ဆိတ်ခေါင်းချိတ်ပြီး ခွေးသားရောင်းတာမျိုး၊ အပြောနဲ့အလုပ်မညီတာတွေကြောင့် ငါ့တာဝန်ကျေပြီးပြီ။ ငါ့သားသမီးတွေကို ပြုစုပျိုးထောင်ဖို့အတွက် သမာအာဇီဝကျတဲ့အလုပ်နဲ့ပဲ ငါ့ဘဝရဲ့ခရီးကို ဆက်တော့မယ်လို့ဆုံးဖြတ်ပြီး ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်းမှာရှိတဲ့ ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေးဌာနမှာ ရေဒီယိုအော်ပရေတာအလုပ်ကို ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။

တနေ့မှာ ညပိုင်းတာဝန်ကိုထမ်းဆောင်ပြီး အိမ်ပြန်လာတဲ့အချိန်မှာ စစ်ထောက်လှမ်းရေးတွေဟာ သားဖြစ်သူရဲ့ နိုင်ငံရေးလှုပ်ရှားမှုကို အကြောင်းပြုပြီး အင်းစိန်ထောင်ထဲမှာ (၅) နှစ် ချုပ်နှောင်ခဲ့ပါတယ်။ ကိုတင်မောင်ဦးရဲ့ဖခင်ဟာ ပြည်သူကိုချစ်တဲ့၊ ပြည်သူ့လွတ်မြောက်မှုအတွက် သက်စွန့်ဆံဖျား တာဝန်ကျေခဲ့တဲ့ တပ်မတော်သားတဦးပါ။ ပြည်သူကို အနိုင်ကျင့်တဲ့၊ ပြည်သူကိုသတ်ဖြတ်တဲ့ တပ်မတော်သားမဟုတ်ပါဘူး။

**ကိုမြဝင်း (မှိုင်းရာပြည့်)**

ကျန်ရစ်သူမိသားစုများအနေနဲ့ ကိုတင်မောင်ဦးကို ကြိုးပေးသတ်ဖြတ်လိုက်ကြောင်းကို တရားဝင်အကြောင်းကြား အသိပေးခြင်းများ ရှိခဲ့ပါသလား။ လူမျိုးရေးအရ၊ ဘာသာရေးအရ အစဥ်အလာများနဲ့အညီ သေဆုံးသွားသူများအတွက် လုပ်ကိုင်ဆောင်ရွက်ရသည့်ကိစ္စများကို အာဏာပိုင်များက ဆောင်ရွက်ခွင့်ပြုခဲ့ပါသလား။ ကြိုးပေးသတ်ဖြတ်လိုက်လို့ သေဆုံးသွားကြောင်း ဘယ်လိုခိုင်လုံတဲ့အချက်အလက်များနဲ့ သိရှိနိုင်ခဲ့ပါသလဲ။

ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဦးကို စစ်အာဏာပိုင်တွေဟာ လျှို့ဝှက်စွာ ကြိုးပေးသတ်ခဲ့တာကြောင့် မိသားစုအနေနဲ့ ဒီကနေ့ အထိ တရားဝင် မသိရှိခဲ့ရပါဘူး။

မိသားစုကို ပြောပြခဲ့ကြတဲ့သတင်းများ အားလုံးထဲမှာ အခိုင်မာဆုံးသတင်းတခုကတော့ ကိုတင်မောင်ဦးကို ကြိုးပေးသတ်တဲ့မနက်က တာဝန်ကျနေတဲ့ ထောင်ဝါဒါတဦးရဲ့ ကိုယ်တွေ့ပြောပြချက်အရ ကိုတင်မောင်ဦးဟာ စစ်အာဏာရှင်တွေရဲ့လက်ပါးစေတွေကို နောက်ဆုံးအချိန်အထိ သတ္တိပြောင်စွာ ခုခံတိုက်ပွဲဝင်သွားတယ်လို့ ပြောပါတယ်။

ပထမ သူ့ကို အခန်းထဲကခေါ်ထုတ်တဲ့အခါ ကိုတင်မောင်ဦးဟာ အင်အားနဲ့ ပြန်လည်ခုခံပါတယ်။ လွယ်လွယ်နဲ့ခေါ်မရပါဘူး။ နောက်သူတို့က ငါးမြှားချိတ်လို သံချိတ်အကြီးများနဲ့ အတင်းအဓမ္မဆွဲခေါ်ဖို့ ကြိုးစားရာမှာ ကိုတင်မောင်ဦးက "မင်းတို့ ငါ့ကို ဒီလိုမျိုးမလုပ်ကြနဲ့။ ငါ့ဘာသာ ငါထွက်ခဲ့မယ်"လို့ပြောပြီး အခန်းထဲကနေ တည်တည်ငြိမ်ငြိမ်နဲ့ ထွက်လိုက်ခဲ့တယ်လို့ အဲဒီထောင်ဝါဒါက ပြန်ပြောခဲ့ပါတယ်။ နောက်ဆုံးသူပြောခဲ့တာကတော့ "မင်းတို့ရဲ့စစ်ဖိနပ်အောက်မှာ ငါ ဘယ်တော့မှ ဒူးမထောက်ဘူး။ မင်းတို့ ငါ့ရဲ့ခန္ဓာကိုယ်ကို သတ်လို့ရပေမယ့် ငါ့ရဲ့ စိတ်ဓါတ်နဲ့ ခံယူချက်ကို ဘယ်တော့မှသတ်လို့မရဘူး"လို့ ကြွေးကြော်သွားခဲ့တယ်လို့ ပြောပြခဲ့ပါတယ်။

"

အချိန်မတန်ခင်
ကြွေလွင့်သွားခဲ့ရတဲ့
ပန်းကောင်းတပွင့်နဲ့တူတဲ့
အကိုကြီးအတွက်
နမြော
လွမ်းဆွတ်ခြင်းနဲ့အတူ
ယူကျုံးမရလည်း
ဖြစ်မိပါတယ်။
သူရင်ဆိုင်သွားရတဲ့
အဖြစ်ဆိုးကိုလည်း
ကိုယ်ချင်းစာမိတယ်။
ရဟန်းရှင်လူ၊
ကျောင်းသား
ပြည်သူတွေရဲ့
အသက်၊ သွေး၊ ချွေး၊
မျက်ရည်တွေပေါ်မှာ
လမ်းခင်းလျှောက်နေတဲ့
စစ်အာဏာ
ပိုင်တွေကိုလည်း
စက်ဆုပ်နာကျည်းမိတယ်။
မြန်မာနိုင်ငံမှာ
ပြည်သူတွေတောင့်တနေတဲ့
ဒီမိုကရေစီစနစ်
အမြန်ဆုံး
ပေါ်ထွန်းပါစေလို့လည်း
ဆန္ဒပြုမိပါတယ်။

### ကိုအောင်စောဦး (မှိုင်းရာပြည့်)

ကိုတင်မောင်ဦး နောက်ဆုံးနေသွားခဲ့တဲ့ အင်းစိန်ထောင် တိုက်သစ် အခန်း (၁) ရဲ့ အိမ်သာနံရံဘေးမှာ ခဲဆံလေးနဲ့ရေးသားခဲ့တဲ့ ...

"ညီမလေး မလှမြိုင်

ညီမလေးအတွက် အကိုကြီးဂုဏ်ယူပါတယ်"

တင်မောင်ဦး

လို့ရေးခဲ့တယ်။ ဒီစာရေးခဲ့တဲ့အပေါ် မလှမြိုင်အနေနဲ့ ဘယ်လိုခံစားရပါသလဲ။

ဒီစာသားလေးဟာ ကျွန်မရဲ့နှလုံးသားထဲမှာ အမြဲရှိနေမှာပါ။ မှိုင်းရာပြည့်အရေးအခင်းမှာ ပါဝင်ခဲ့တဲ့ကျွန်မကို သေဒဏ်ပေးခံခဲ့ရတဲ့ အကိုကြီးက ဂုဏ်ယူတယ်ဆိုတာ ဒီစာသားလေးအားဖြင့် သိရတဲ့အတွက် ကျွန်မဂုဏ်ယူမိပါတယ်။ တချိန်တည်းမှာ အချိန်မတန်ခင် ကြွေလွင့်သွားခဲ့ရတဲ့ ပန်းကောင်းတပွင့်နဲ့တူတဲ့အကိုကြီးအတွက် နမြောလွမ်းဆွတ်ခြင်းနဲ့အတူ ယူကျုံးမရလည်း ဖြစ်မိပါတယ်။ သူရင်ဆိုင်သွားရတဲ့အဖြစ်ဆိုးကိုလည်း ကိုယ်ချင်းစာမိတယ်။ ရဟန်းရှင်လူ၊ ကျောင်းသား ပြည်သူတွေရဲ့ အသက်၊ သွေး၊ ချွေး၊ မျက်ရည်တွေပေါ်မှာ လမ်းခင်းလျှောက်နေတဲ့ စစ်အာဏာပိုင်တွေကိုလည်း စက်ဆုပ်နာကျည်းမိတယ်။ မြန်မာနိုင်ငံမှာ ပြည်သူတွေတောင့်တနေတဲ့ ဒီမိုကရေစီစနစ် အမြန်ဆုံးပေါ်ထွန်းပါစေလို့လည်း ဆန္ဒပြုမိပါတယ်။

* * *

## မလှမြိုင်၏ ကိုယ်ရေးအကျဉ်း



ကျွန်မဟာ ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်းရပ်ကွက်၌ ဖခင်ဖြစ်သူ ဦးလှဒင်နှင့် မိခင်ဖြစ်သူ ဒေါ်နှင်းမြိုင်တို့မှ မွေးဖွားလာခဲ့ပြီး ညီအကိုမောင်နှမ ရှစ်ဦးအနက် တတိယမြောက်သမီးဖြစ်ပါတယ်။ ၁၉၇၆ ခုနှစ်၊ အမှတ် (၂) လှိုင်အထက်တန်းကျောင်းတွင် ဒသမတန်းစာမေးပွဲဖြေဆိုနေချိန် ၁၉၇၆ ခုနှစ် မတ်လ (၂၃) ရက်နေ့ မှိုင်းရာပြည့်အရေးအခင်းတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့သဖြင့် စစ်အာဏာရှင်တွေရဲ့ ထောင်ဒဏ် (၉) နှစ် ချမှတ်ခြင်းခံခဲ့ရပြီး သာယာဝတီထောင်တွင် အကျဉ်းကျခံခဲ့ရပါတယ်။ ၁၉၈၀ ခုနှစ် ဩဂုတ်လ (၁၁) ရက်နေ့တွင် ထောင်မှလွတ်မြောက်လာသည့်အခါ ကျောင်းတက်ခွင့် မရှိတော့သည့်အပြင် ကျောင်းတက်နိုင်သည့်အနေအထားလည်းမရှိတော့ပါ။ စစ်ထောက်လှမ်းရေးများ၏ မျက်ခြေမပြတ် စောင့်ကြည့်မှုအောက်တွင် မိသားစုစားဝတ်နေရေးအတွက် ဘဝကို ခက်ခဲစွာရုန်းကန်ခဲ့ရပါသည်။ ၁၉၈၈ ခုနှစ်၊ အထွေထွေသပိတ်ကြီး ပေါ်ပေါက်လာရာတွင် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ပါသည်။ အထူးသဖြင့် ၁၉၇၄ ခုနှစ် မျိုးဆက်ကျောင်းသားများနှင့်အတူ ပါဝင်လှုပ်ရှားခဲ့ပါသည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ (၁၈) ရက်နေ့တွင် စစ်အာဏာသိမ်းပြီး (၃) ရက်အကြာတွင် အသက်အန္တရာယ်လုံခြုံမှုအတွက် ကျောင်းသားများနှင့်အတူ ထိုင်းနယ်စပ်သို့ ထွက်ခဲ့ပါသည်။ ထိုင်းနိုင်ငံတွင် (၂) နှစ်ကြာနေထိုင်ခဲ့ပြီးနောက် ကနေဒါနိုင်ငံသို့ပြောင်းရွှေ့ကာ အသက်ကြီးရင့်ပြီဖြစ်သောမိဘများကို ပြုစုစောင့်ရှောက်ကာ နေထိုင်လျက်ရှိပါသည်။

* * *



မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီမှ ထုတ်ဝေသည်။

# အာဏာနှင့် တင်မောင်ဦး



# မိသားစုမှတ်တမ်း

၁၉၇၆ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့မတိုင်မီ ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဦးရဲ့ နိုင်ငံရေးလှုပ်ရှားမှုကို အကြောင်းပြုပြီး အဖေနဲ့ အမေကို ကြိုတင်ဖမ်းဆီးထားခဲ့ပြီးဖြစ်ပါတယ်။ မိဘများကို ဖမ်းဆီးပြီးတဲ့နောက် အိမ်မှာကျန်ခဲ့တဲ့ မောင်နှမ (၇) ယောက်ကိုလည်း လာရောက်ခေါ်ယူဖမ်းဆီး၊ စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ကြတယ်။ မောင်နှမ (၇) ယောက်မှာ၊ (၄) ယောက်ဟာ (၁၀) နှစ်အောက် လူမမယ် ကလေးများ ဖြစ်ကြပါတယ်။ ငယ်ရွယ်တဲ့ ကလေးများအနက်က ကလေးတဦးကို ကြမ်းတမ်းရက်စက် လူမဆန်အောင် ရိုက်နှက်စစ်ဆေးခဲ့တယ်။ ထောက်လှမ်းရေးတဦးက အဲဒီကလေးကို နားထင်ပိတ်ရိုက်လိုက်တဲ့အခါ ကလေးက ကြမ်းပေါ်ကို လဲကျသွားခဲ့တယ်။ ပြီးတော့ ကလေးရဲ့ခေါင်းကို သူ့ရဲ့စစ်ဖိနပ်နဲ့ လူမဆန်စွာ တက်နင်းထားခဲ့တယ်။

၁၉၇၆ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့မှာ မိုင်းရာပြည့်အရေးအခင်းအတွက် ကြိုတင်ပြင်ဆင်နေချိန်မှာ ကိုတင်မောင်ဦးအဖမ်းခံခဲ့ရပါတယ်။ ကျောင်းသားခေါင်းဆောင် ကိုတင်မောင်ဦးကို ဖမ်းဆီးရမိကြောင်း မြန်မာ့အသံရေဒီယိုက ကြေညာခဲ့တယ်။ ကိုတင်မောင်ဦး မပါဝင်လိုက်ရတဲ့ မိုင်းရာပြည့်အရေးအခင်းမှာ ကျွန်မနဲ့အတူ ကျွန်မရဲ့မောင်တဦးပါဝင်ခဲ့တာကြောင့် ဖမ်းခံခဲ့ရပါတယ်။ ဒီအချိန်မှာ အိမ်မှာ လူမမယ်ကလေး (၄) ယောက်သာကျန်ခဲ့ပါတယ်။ ဒီကလေးများဟာ မိဘမျက်ကွယ်မှာ ဘဝကို ကြမ်းတမ်းစွာရင်ဆိုင်ခဲ့ကြရပါတယ်။

၁၉၇၆ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့မှာတော့ စစ်အာဏာပိုင်တွေရဲ့ လက်ပါးစေတွေဟာ မိသားစုဝင်များကို နယ်ထောင်များကို ရတ်တရက် ပြောင်းရွှေ့ခဲ့ကြတယ်။ အဖေနဲ့ ကိုတင်မောင်ဦးကို အချိန်အနည်းငယ် တွေ့ခွင့်ပေးပြီးနောက် အဖေနဲ့ မောင်နှစ်ယောက်ကို အင်းစိန်ထောင်ကနေ တောင်ငူထောင်ကို ပြောင်းရွှေ့ခဲ့ကြတယ်။ ဒီနောက်မှာ အမေနဲ့ ကိုတင်မောင်ဦးကို အချိန်အနည်းငယ် တွေ့ခွင့်ပေးခဲ့တယ်။ ဒီနောက် အမေနဲ့ကျွန်မကို သာယာဝတီထောင်ကို ပြောင်းရွှေ့ခဲ့ပါတယ်။

မိသားစုများ ထောင်မှမလွတ်မြောက်မီအချိန်မှာပင် တခါတရံ အင်းစိန်ထောင်ကပြောင်းရွှေ့လာတဲ့ အကျဉ်းသူ၊ အကျဉ်းသားများထံမှ ကိုတင်မောင်ဦးကို ကြိုးပေးလိုက်ပြီဆိုတဲ့သတင်းများကို ရင်နင့်ဖွယ်ရာ မိသားစုများ ကြားသိခဲ့ကြရပါတယ်။ ၁၉၇၆ ခုနှစ်၊ ဩဂုတ်လ (၁၂) ရက်နေ့မှာတော့ မိုင်းရာပြည့်မှာပါဝင်ခဲ့တဲ့ ကျွန်မနဲ့ ကျွန်မရဲ့မောင်တဦးကို အင်းစိန်ထောင်ကို ပြန်ခေါ်ယူပြီး အင်းစိန်ထောင် စစ်ခုံရုံးမှာ ထောင်ဒဏ် (၈) နှစ်နှင့် (၇) နှစ် အသီးသီးချမှတ်ခံခဲ့ရပါတယ်။ နှစ်ပတ်လောက်အကြာမှာ အဖေနဲ့အမေကိုလည်း နယ်ထောင်များမှ ပြန်ခေါ်ယူပြီး အင်းစိန်ထောင်တွင်ရှိ စစ်ခုံရုံးမှာ ထောင်ဒဏ် (၅) နှစ်စီ ချမှတ်ခဲ့ပြီး နယ်ထောင်များကို ပြန်ပို့ခဲ့ပါတယ်။

လူမမယ်ကလေးများကလွဲပြီး တအိမ်သားလုံး ဖမ်းခံခဲ့ ရတာကြောင့် ထောင်ဝင်စာတွေ့မဲ့သူမရှိပါဘူး။ ထောင်ဝင်စာတွေ့မဲ့သူ မရှိခဲ့တာကြောင့် ထောင်တွင်းအကျဉ်းသားဘဝရဲ့ အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်းဒုက္ခများကို ရာနှုန်းပြည့် ခံစားခဲ့ကြရပါတယ်။ ချဉ်ပေါင်ရည်ရွက်ကြမ်းနဲ့ လုံးတီးဆန်ကိုစားပြီး အသက်ဆက်ခဲ့ကြရပါတယ်။ ဆေးဝါးမရှိတဲ့အတွက် ထောင်ထဲမှာ အဖေဟာ တနေ့ သွေးဝမ်းသွားပြီး သေကာနီး အနေအထားကိုရောက်ရှိခဲ့ပါတယ်။ ဒီအခါမှာ တောင်ငူထောင်တွင်း ထောင်ကျနေတဲ့ အခြားအကျဉ်းသားများရဲ့ စေတနာနဲ့ကရုဏာကြောင့် အဖေဟာ အသက်ရှင်ခဲ့ရတယ်။ "တင်မောင်ဦးအဖေ သေတော့မယ်။ တတ်နိုင်သလောက်ကူညီကြပါ" လို့ဆိုပြီး ဆေးလိပ်များစုပြီး ဆေးဝယ်တိုက်ခဲ့တဲ့ အတွက် အဖေဟာ ယနေ့အထိ အသက်ရှင်ခဲ့ရပါတယ်။

ထောင်မှလွတ်မြောက်ပြီးနောက် မိဘညီအကိုမောင်နှမများဟာ ကိုတင်မောင်ဦးကို ကြိုးပေးသတ်ခဲ့တဲ့ နေ့ရက်အတိအကျနဲ့၊ ကြိုးပေးခဲ့ပုံများကို ကြိုးစားစုံစမ်းခဲ့ကြပါတယ်။ ဒါပေမယ့် စစ်အာဏာရှင်များဟာ ယနေ့ထိတိုင် ဖုံးကွယ်ထားခဲ့ပါတယ်။ ကိုတင်မောင်ဦးရဲ့ မိဘနဲ့ မောင်နှမ မိသားစုများကို တရားဝင် အသိပေးအကြောင်းကြားခဲ့ခြင်း လုံးဝမရှိပါဘူး။

ကိုတင်မောင်ဦးရဲ့ မိခင်၊ ဖခင်၊ ညီအကိုမောင်နှမ၊ ဆွေမျိုးသားချင်းများဟာ ကိုတင်မောင်ဦးအတွက် အစားထိုးလို့မရနိုင်တဲ့ ဆုံးရှုံးခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ စစ်အာဏာရှင်တွေနဲ့ သူတို့ရဲ့ လက်ပါးစေတွေရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှု၊ ရက်စက်မှုများကို မယုံကြည်နိုင်လောက်အောင် ခံစားခဲ့ကြရပါတယ်။ ဒီခံစားချက်တွေအားလုံးကို တိုင်းပြည်နဲ့လူမျိုး စစ်အာဏာရှင်စနစ်အောက်က လွတ်မြောက်ရေးအတွက် အသက်ပေးသွားတဲ့ ကျောင်းသား ခေါင်းဆောင် ကိုတင်မောင်ဦးအတွက် ဂုဏ်ယူမှုတွေနဲ့ အစားထိုးခဲ့ကြပါတယ်။

အားလုံးကို လေးစားဦးညွှတ်လျက်

ကျန်ရစ်သူ ကိုတင်မောင်ဦးမိသားစု။
၂၀၁၀ ခုနှစ်၊ ဇွန်လ (၂၆) ရက်။

* * *

## ဒီဇင်ဘာနှင်းဆီနီတပွင့်

# ရဲရင့်ကြယ်နှင့်

## ညီမလေး မလှမြိုင်သို့ ....



“

သခင်မြသန်းရဲ့ “သာယာဝတီထောင်တွင်းက ငရဲခန်း” က တမျိုး၊ (၇၄) အင်းစိန်ထောင်တွင်း ကျောင်းသား၊ (၇၅) (၇၆) ကျောင်းသားလူငယ်လေးတွေရဲ့ “ယောရူဝ” ငရဲခန်း က တဖုံပါဘဲ။ ရေကြည်အိုင်၏အကြောင်းတော့ မရေးကြသေးပါ။ မိမိတို့မရောက်ခဲ့ပါ။ တချို့လည်း သည်လူ့ဘဝမှာ မရှိကြတော့ဘူး ထင်ပါသည်။

## မောင်မောင်တိတ်

(အောဘီအက်စ်ဒီအက်ဖ်)

ဒီဇင်ဘာနဲ့ ပတ်သက်တဲ့သူတွေကတော့ မေ့ကောင်းမည်မဟုတ်ကြ။ မေ့ကြမည်လည်းမထင်၊ မေ့နေကြပြီဟု ပြောရင်လည်း မယုံ။ ပုံပြင်မဟုတ်။ ဒဏ္ဍာရီမဟုတ်။ ရှိခဲ့သည် ရှိနေသည်၊ ရှိနေဦးမည်၊ ဒို့ ဒီ ဒီဇင်ဘာမှာ ဘာလုပ်ကြမလဲတဲ့။ ပြောစရာမလို။ ရင်ထဲက အလိုလိုသိနေကြသည်။ နှစ်ပေါင်း (၃၅) နှစ်။ ဆုံကြတော့ အသစ်အသစ်တွေပဲ ဖြစ်နေသည်။ ဒီလိုပဲ ရောက်သည့်နေရာ ပြည်တွင်းပြည်ပမှာ ရတဲ့အချိန်လေးတွေနဲ့ အချိန်အခါမှာ လုပ်ကြစမြဲ။ ပြောကြစမြဲ။

အသက်တွေလဲ (၆၀) ကျော်သူက ကျော်သွားကြပြီ။ ရုပ်ပိုင်းက အိုပြီ။ စိတ်ပိုင်းက မအို။ ပြန်ပျိုမျစ်ပြီး ဒီဇင်ဘာလက ထုဆစ်ခဲ့ကြတဲ့ အတွေ့အကြုံတွေက ခွန်အားသစ်တွေ တက်တက်လာတယ်။

အဲ့ဒီအထဲမှာ ကိုတင်မောင်ဦး။ ဆလိုင်းတင်မောင်ဦးအကြောင်းက ထိပ်ဆုံးကပါနေကြ။ ထောင်ထဲမှာ ပုံစံတွေကိုင်လို့ တကွဲတပြားဖြစ်ပြီး တိုက်ပိတ်ခံရလို့ (၁) တိုက်၊ (၂) တိုက်၊ (၃) တိုက်၊ (၄) တိုက်၊ (၅) တိုက်၊ (၆) တိုက်နဲ့ အဆောင် (၃) အခန်းလေးတွေထဲမှာ တသီးတခြားခွဲထားပြီး အတင်းနှိပ်စက် ပုံစံသွင်းခံနေရတဲ့အဖြစ်လေးတွေ မျက်စိထဲက မထွက်။ ရက်စက်ယုတ်မာလွန်းလို့ ထပ်ပြီးမရေးတော့ပြီ။ တွေ့ရင်တော့ ပြောဖြစ်ကြသည်။

သခင်မြသန်းရဲ့ ‘သာယာဝတီထောင်တွင်းက ငရဲခန်း’ ကတမျိုး၊ (၇၄) အင်းစိန်ထောင်တွင်း ကျောင်းသား။ (၇၅) (၇၆) ကျောင်းသားလူငယ်လေးတွေရဲ့ ‘ယောရူဝ’ ငရဲခန်းကတဖုံပါဘဲ။ ရေကြည်အိုင်၏အကြောင်းတော့ မရေးကြသေးပါ။ မိမိတို့မရောက်ခဲ့ပါ။ တချို့လည်း သည်လူ့ဘဝမှာ မရှိကြတော့ဘူးထင်ပါသည်။

‘မလှမြိုင်’ဘလော့ဖွင့်ထားတယ်တဲ့။ ကြားရတဲ့သတင်းလေး။ အားရစရာ။ မိမိတို့ထောင်ထဲက မထွက်ရသေးခင် ကိုတင်မောင်ဦး ညီမလေး မလှမြိုင် GTI ဘက်မှာ တရားတက်ဟောသတဲ့။ မိမိအစ်ကို ကိုတင်မောင်ဦးအကြောင်းနဲ့ ကြိုးပေးခံခဲ့ရတဲ့အကြောင်းများ။ အစ်ကို့သွေးလို ညီမလေးသွေးကလဲ .. ရဲရဲနီသတဲ့။

ကိုတင်မောင်ဦးရဲ့ မိသားစုတွေအားလုံး အဖမ်းခံရပြီး နို့စို့အရွယ် ကလေးငယ်လေးတော့ ကျန်ခဲ့သတဲ့၊ ထားခဲ့သတဲ့။ အဲဒီတုန်းကလည်း ဒီလိုပဲ ရက်စက်ယုတ်မာခဲ့ကြတာပဲ။ နောက်တော့။

ကျနော်တို့ ကိုတင်မောင်ဦး၊

ကိုညွန့်တင် (ဒလ)၊ စောလှဝင်း၊ ဗဆွေလေးတို့နဲ့ ကြိုးတိုက်တွင်းမှာ ဆိုလိုက်ကြသေးတယ်။ သူတို့ (၄) ဦးက ကြိုးကျခံထားရသူတွေ၊ အယူခံတော့ တင်ထားတဲ့သူက တင်ထားတယ်။ လည်ပင်းကိုတော့ ကြိုးနဲ့တိုင်းထားပြီးသားတဲ့။ ကိုညွန့်တင်က (ဒလ) က။ ပြည်ချစ်အဖွဲ့ဝင်၊ ဆေးရုံမှာ ဖုံးခွဲလို့တဲ့။ စောလှဝင်းကလည်း အဲဒီတုန်းက အင်းစိန် (၈) လိုင်းကားတစီးကို ဖုံးခွဲလို့တဲ့။ ဗဆွေလေးကတော့ စာရွက်စာတန်း၊ မိုင်းတချို့နဲ့ တွေ့လို့ဆိုလား စောလှဝင်းနဲ့အမှုတွဲထားတယ်။

ပထမဆုံး နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ ကြိုးစတင်အပေးခံရတာက ပြည်ချစ်အဖွဲ့က ကိုညွန့်တင်ပါ။ ကျနော်တို့ကျောင်းသား (၄၀) ကျော်ကို တွဲဘက်ထောင် ယခင်က နိုင်ငံရေးအကျဉ်းသားများထားတဲ့ သီးသန့်ထောင်က ပုံစံကိုင်ခိုင်းတာမရလို့ ထောင်မကြီးထဲပို့ပြီး ပုံစံကိုင်မလို့ဆိုတော့ လက်မခံလို့ ကျောင်းသားတယောက်ကို ဝါဒါ (၃) ယောက်နဲ့ (၂) ယောက်က လက်တဖက်စီချုပ်ပြီး၊ ခေါင်းငုံ့၊ ခေါင်းပေါ်လက်တင်၊ နောက်တယောက်က နောက်ကရိုက်၊ ကန်၊ မအေနမ၊ ငါနဲ့ဆဲဆိုပြီးနောက် ဗူးဝက အင်းစိန်ထောင်မကြီးမှာရှိတဲ့ ထ.လ.ရ တပ်ကြပ်ကြီး နာမည်ကြီး ဆာဂျင်သိန်းမြိုင်အုပ်ချုပ်တဲ့ ကြိုးတိုက်ခေါ် ရင်ခွဲတိုက်။ တဖက်အခန်း (၃၀) စီရှိတဲ့နေရာကို ပို့လိုက်တာပါ။

ကြိုးတိုက်ရဲ့အစွန်ဆုံးအခန်းတွေမှာ ကြိုးသမားတွေထားပြီး လူသတ်မှုနဲ့ သေဒဏ်၊ ကြိုးဒဏ် အပေးခံရတဲ့သူတွေ ထားပါတယ်။ အဲဒီ (၄) ဦးကတော့ နိုင်ငံရေးပြစ်မှု၊ ဖောက်ခွဲမှုတွေနဲ့ ကြိုးဒဏ်အချခံထားရတဲ့သူတွေပါ။ ပုံစံကိုင်တာ မခံရင် ကြိုးတိုက်ထဲမှာနေရမယ်။ လျှော့ရက်မရဘူး။ ထောင်ဝင်စာ မတွေ့ရဘူး။ တိုက်ခန်းထဲကဂန်ဖလား (သေးခွက်၊ ချေးခွက်) ထွက်သွန်တာကလွဲပြီး ပိတ်ထားမယ်ပေါ့။ ဘယ်လောက်ထားထား ပုံစံကိုင်တာတော့မခံဘူး။ ဘာလျှော့ရက်မှလဲ မလိုချင်ဘူးဆိုပြီး နေကြတယ်။ အဝတ်တထည်ကိုယ်တခုနဲ့၊ တခန်းကို (၈) ယောက်၊ (၄) ယောက်၊ (၆) ယောက်နဲ့ထားတယ်။ တွဲဘက်ထောင်ကလာခဲ့ရပြီး ဦးဆောင်ခဲ့တဲ့ ကိုကျော်စိုး (သကလ)၊ ဦးကျော်လင်း (ရှေ့နေကြီး အင်းစိန်) ကိုတော့ သီးခြားထားတယ်။ သူတို့ နှစ်ဦးက အသက် (၃၀) နီးနီးရှိနေပြီး ဦးဆောင်ခဲ့လို့တဲ့။ ကိုကျော်စိုးကြီးက နားတဖက်ပင်းသွားတယ်။ ဦးကျော်လင်းက နံရိုးအက်သွားတယ်။

အဆောင် (၃) မှာလဲ ရာဇဝတ်မှု အကျဉ်းသားတွေနဲ့ ရောထားပြီး ပုံစံကိုင်လို့ ကျောင်းသားတွေက ပြန်ပြောလို့ ပြဿနာတက်ပြီး ပြန်ရိုက်ကြတယ်။ သူတို့ကလူများတော့ ကျောင်းသားတွေ မှောက်ကုန်တယ်။ ပြီးတော့တိုက် (၄) (၅) (၆) ထဲမှာ ထည့်ထားလိုက်ကြတယ်။ တပတ်နီးပါးကြာတော့ ကြိုးတိုက်ကို ယဉ်ပါးလာကြတယ်။ ကျနော်တို့ နေ့လည်တခါ၊ ညနေတခါ ဂန်ဖလားချရတယ်။ ကျောင်းသား (၄၀) လောက်ဆိုတော့ တခန်းဖွင့်တခန်းချနဲ့ ဝါဒါတွေ တော်တော်လေး စိတ်ညစ်သွားတယ်။ အခန်းတခန်းချရင် တခြားအခန်းတွေက ထောင်ထဲကပေးတဲ့ တိုက်ထဲမှာရှိတဲ့ နီးကြောဖျာလေးတွေ ကာခိုင်းတယ်။ ငြိမ်နေရတယ်။ ကျောင်းသားဆိုတော့ သိတယ် မဟုတ်လား။ အကြီးဆုံးက (၂၄) နှစ်တောင် မပြည့်တတ်သေးဘူး။ ဖွန် (၆) နှစ်ပတ်လည် ရွှေတိဂုံ အရေးအခင်းက ကျောင်းသားလေးတွေ ဆိုရင် တချို့ (၁၆) နှစ်တောင် မပြည့်သေးဘူး။ သူတို့လည်း ထိန်းရခက်နေတယ်။

ဖျာမရှိတဲ့အခန်းက များနေတော့ အပေါက်ဝကိုကျောလှည့်ပြီး ထိုင်နေရတယ်။ အကာလေးတွေပေးတယ်။ လစ်ရင် ခိုးပြီးလှည့်ကြည့်တယ်။ ဝါဒါက တယောက်တည်း။ တခါ (၂) ယောက်။ ကျန်တဲ့သော့ဖွင့်တဲ့အကူက အပြာတွေ (နှစ်ကြီးသမားတွေ) ဆိုတော့ ကျနော်တို့က သိပ်ဂရုမစိုက်ဘူး။ ဝါဒါတွေကို မိုက်ကြည့်ကြည့်နေတဲ့သူတွေလည်း ရှိနေတော့ စိတ်ပေါက်ရင် အနာခံပြီး ပြဿနာရှာမယ့်သူတွေဖြစ်နေတယ်။ ဒီလိုနဲ့ (၂) ပတ်ကုန်သွားတယ်။ ကြိုးတိုက်ထဲမှာ နဲနဲ နေသားထိုင်သားကျလာပြီး ကျနော်တို့ နံနက်ပိုင်းတခါ၊ ညနေပိုင်းတခါ အဲဒီ ဂန်ဖလားသွားချပြီးတော့ ခပ်တည်တည်ငြိမ်ငြိမ်လေးနဲ့ သူတို့စည်းကမ်းကို လိုက်နာဟန်ပြပြီး ရသမျှသတင်းတွေ စုတယ်။

ဂန်ဖလားကို အလှည့်ကျ ထွက်ချတယ်။ ကိုထွန်းထွန်း (ကိုဗကြည် တရုတ်နယ်စပ်သေဆုံး၊ တောင်တွင်းဦးကိုကိုကြီး ဒုတိယသား) နဲ့ ကျနော်၊ ကိုမြင့်ဟန်၊ စောလှငွေ၊ ကိုသောင်းအေး၊ ကိုသက်လှိုင်၊ ဂိုရှယ် (ကိုလှအောင်) တို့လောက်ပဲ အသက် (၂၃) (၂၄) အရွယ်တွေရှိတယ်။ ထွန်းထွန်းကြီးကလည်း လျှင်ပါပေ့။ မျက်လုံးပြူးပြူးကြီးနဲ့ လူရိုးကြီးစတိုင်နဲ့ ဂန်ဖလားချပြီး ဝါဒါအလစ်မှာ ကြိုးတိုက်ထဲက ကြိုးဒဏ်ပေးခံရသူတွေရဲ့အခန်းနားကပ်ပြီး နာမည်မေးတယ် လူရှာတယ်။ ကိုညွန့်တင်၊ ကိုတင်မောင်ဦး၊ ဗဆွေလေး၊ စောလှဝင်းတို့ ရှိနေတာ သိခဲ့ရတယ်။

အဝတ်တထည်ကိုယ်တခုနဲ့ တခန်း (၈) ယောက်လောက်နေရတယ်။ အခန်းထဲမှာအိပ်တော့ (၄) ယောက် ခေါင်းချင်းဆိုင်ပြီး အိပ်ရတယ်။ ရေမချိုးရ၊ မျက်နှာမသစ်ရဆိုတော့ အနံ့တွေနံလာတယ်။ နောက်ဖေးနံ့တွေလည်း နံနံလာတော့ အပေါက်ဝမှာလှုပြီးထိုင်ကြတယ်။ တလှည့်စီပေါ့။ သည်လိုနဲ့ ရွှေတိဂုံအရေးအခင်းက ကျောင်းသားလေးတယောက် ဖျားပါရော၊ ပုံစံထမင်းလုံးတီးနဲ့ နံနက်ပိုင်းက ပဲနိုင်လွန်ဟင်းချို၊ ညနေပိုင်းကျတော့လည်း ဟင်းနုနွယ်နိုင်လွန်ဟင်းချို၊ တခါတခါ တီကောင်ကြီးတွေတောင် ပါလာတတ်သေးတယ်။ ပေးတဲ့ ထောင်ငါးပိမဲမဲ၊ မန်ကျီးသီးအညံ့စားတွေနဲ့ ရောကြော်ထားတာဆိုပဲ စားလို့ကောင်းနေသေး။ နေမကောင်းတဲ့သူက အစာမဝင်ဘူး။

အလှည့်ကျဝါဒါလေးတယောက်ကို အကူညီတောင်းပြီးတော့ ကိုတင်မောင်ဦးဆီကို ကိုထွန်းထွန်းက ဆေးတောင်းတယ်။ ရှိရင်ပေါ့။ ကိုတင်မောင်ဦးက ဆေးတော့မရှိဘူးဆိုပြီး သူရတဲ့ ဆန်ဖြူထမင်းပုံစံကိုပေးလိုက်တယ်။ အဲဒီတုန်းက ကြိုးသမားတွေက ပုံစံကို ဆန်ဖြူနဲ့ ကြက်သားဟင်း အသားကျော်တခုခုရတယ်။ အဲဒါတွေကို ညီငယ်ကျောင်းသားလေး နေကောင်းတဲ့အထိပေးတယ်။ သူကတော့ ကျနော်တို့စားတဲ့ပုံစံကိုပဲ အပြာတွေဆီက တောင်းစားတယ်။ အပြာနှစ်ကြီးသမားတွေကို စည်းရုံးထားနိုင်ခဲ့တယ်။

'အဆောင်ပုံစံတိုက်ပွဲက ပိုပြီးပြင်းထန်လာတယ်။ ကိုတင်မောင်ဦးဆီက သတင်းပဲ။ သူက အပြင်ရေထွက်ချိုးရလို့ ရေဘုတ်ကိုင်တွေနဲ့လည်း နည်းနည်းရင်းနီးလို့ သတင်းစုံရတယ်။ ရိုက်လို့မှောက်သွားတဲ့သူ တချို့တချို့ကို တိုက်တွေထဲမှာထားတယ်တဲ့။ တချို့ကိုတော့ ပုံစံခန်းထဲမှာထားပြီး ဘာယာဘုတ်ကိုင်တွေနဲ့ ပုံစံသွင်းနေသတဲ့'

တခန်းစီ ဂန်ဖလားချရတာကြာတော့ နှစ်ခန်းတတွဲ လွှတ်ပေးတယ်။ ခပ်မြန်မြန် ခပ်သုတ်သုတ်လေးနဲ့ပေါ့။ အဲဒါအခွင့်အရေးပဲ ရအောင်ယူသွားကြတယ်။ (၄) ယောက်ခန်းနဲ့ (၈) ယောက်ခန်း တခန်းပြီး တခန်းဖွင့်တော့ ထွက်တဲ့လူက (၄) ယောက်လောက်ဖြစ်သွားတယ်။ တခန်း (၄) ယောက်ထွက်တော့ အပြင်မှာ အလစ်စကားပြောလို့ရတယ်။ ရှုပ်သွားအောင်လုပ်ပြီး အခန်းချင်းလဲလိုက်ကြတယ်။ သူတို့မသိကြဘူး။ အဲဒီတော့ သတင်းအစုံရတယ်။

ကြိုးဒဏ်ပေးထားတဲ့သူတွေကို အဲဒီတုန်းက အခွင့်အရေး နဲနဲပေးတယ်။ တနေ့တနာရီ အချိန်ပိုင်းလေး ပေးပြီး ကျန်းမာရေး လေ့ကျင့်ခွင့်ပေးတယ်။ လမ်းလျှောက်ချင်လျှောက်၊ ပြေးချင်လျှင်ပြေးပေါ့။ ဒါပေမယ့် ကျနော်တို့ဘက်ကိုတော့ မလာရဘူး။ စောင့်တဲ့ဝါဒါလေးက တခါတလေ တယောက်ထဲ။ သူတို့လည်း ကြိုးသမားတွေနဲ့ တိုက်ထဲက ကျနော်တို့ အုပ်စုကို ကြောက်တယ်။ စိတ်ထဲမှာ ကျဉ်းကြပ်ပြီး စိတ်ညစ်နေတဲ့သူတွေ ပုံစံအကိုင်မခံဘဲ ကြိုးတိုက်ထဲရောက်လာကြတဲ့ ကျနော်တို့တတွေ အဆောင် (၃) မှာ ဝါဒါတွေကို ပြန်ရိုက်

ရင်းမှောက်သွားတဲ့ သူတွေ ပြန်ဆော် လို့ခံသွားရတဲ့ဝါဒါတွေလည်း ရှိနေတော့ သူတို့ကိုအမှုပတ်မှာကြောက်လို့ ခပ်အေးအေးပဲနေကြတယ်။

ကိုတင်မောင်ဦးက အောက်ခံဘောင်းဘီလေးနဲ့ အပြေးလေ့ကျင့်တယ်။ သူက အပြေးဝါသနာပါပုံရတယ်။ ဝါဒါအလစ်မှာ ကျနော်တို့ဆီပြေးပြေးလာတတ်ပြီး ပြေးရင်းနဲ့ ဆက်တိုက်မယ်၊ ဒီလိုမနေကြနဲ့ မင်းတို့ကိုလည်း အဆောင်ပို့ပြီးကိုင်မယ်။ အခုထဲက အစာအငတ်ခံဆန္ဒပြပြီး တိုက်ကြပေတော့။ တခါတပတ်ပြေးရင် တခွန်းနှစ်ခွန်းပြောသွားတယ်။ လေသံနဲ့ ခပ်တိုးတိုး ခြေထောက်ကို ခပ်ပြင်းပြင်းချရင်း ပြောပြောသွားတယ်။

တခန်းကို အရှိန်လွန်ချင်ယောင်ဆောင်လိုက်၊ အလစ်မှာ အခန်းနားကပ်လိုက်၊ ခပ်တိုးတိုးလေးပြောလိုက်ပြန်ပြေးသွားလိုက်နဲ့ တနေ့တာ ရသမျှအချိန်လေးတွေကို ကောင်းကောင်းအသုံးချနိုင်ခဲ့တယ်။

ကြိုးဒဏ်ကျတာတောင် မျက်နှာတချက်မပျက်ဘူး။ ခပ်တင်းတင်းဘဲ။ သူ့အသက်လဲ (၂၃) ထက်ပိုကြီးပုံမပေါ်။ အားကစားသမားမို့ လူရည်သန့်တယ်။ အသားဖြူတယ်။ တောင့်တယ်။ အချိုးအဆစ်ပြေတယ်။ ကျနော်တို့ပင် သူ့ဘော်ဒီကို အားကျမိတယ်။ အို သူကလူချောပဲ။ အင်္ဂလိပ်လိုတော့ ဟဲန်းဆန်းဘဲပေ့ါ။ မျက်လုံးမျက်ဖန်ကလည်း ညှို့အားသန်တဲ့ပုံဘဲ။ ထောင်ထဲက ပုံပြင်ထဲက မင်းသားလေးတပါးလိုပါပဲ။ အချက်အလက်တွေစုံရင်တော့ ကျနော်တို့ စကြမယ်။ အစာအငတ်ခံဆန္ဒပြဖို့ သေချင်သေ၊ မသေလျှင် ပုံစံပျက်ဖို့ပဲ။ ကိုကျော်စိုး (သင်္ချာ) သကလရွာ အစ်ကို ကျွန်းပြန် ကိုဗဖူးညွန့်ရဲ့ ကိုကိုးကျွန်း အစာငတ်ခံတိုက်ပွဲ (၆၀) ရက် အတွေ့အကြုံတွေရှိတယ်လို့သိထားရတော့ သူ့ဆီ တိုက်ပွဲဝင်တဲ့ နည်းစနစ်တွေ လှမ်းအကူအညီတောင်းရတယ်။

သူနဲ့ ဦးကျော်လင်း (ရှေ့နေကြီးအင်းစိန်) ကတော့ တခန်းစီမို့ ဆက်

**❝ ကိုတင်မောင်ဦး အခန်းက တံခါးဖွင့်သံ ကြားရသည်။ စစ်ဖိနပ်သံက ခပ်များများ ....**

**"ရဲဘော်တို့ ငါသွားပြီ ... ဆက်တိုက်ကြ ... ငါ့ကို ခေါ်သွားပြီ ... ဆက်တိုက်ကြ ...**

**ကြိုးတိုက်သံက ဟိန်းထွက်လာသည်။**

သွယ်ရတာခက်တယ်။ ညနေဘက်ဝါဒါချင်းတာဝန်အချိန်းမှာ စကားခိုးခိုးပြောရတယ်။ ကိုကျော်စိုးကြီး တရားထိုင်နေတယ်တဲ့။ ဒီတိုက်ပွဲကို အပြတ်တိုက်ဖို့ သေချင်သေ၊ သေလျှင် အရင်းတဲ့၊ နိုင်လျှင် အမြတ်တဲ့။ ဆက်တိုက်ဖို့ပဲစဉ်းစားတဲ့ ငယ်တဲ့ကျောင်းသားလေးတွေကတော့ (၇) ရက်၊ (၈) ရက်လောက် စတိတိုက်ပြီးရင် သပိတ်ရပ်လိုက်တဲ့။ သူတို့အတွက်ငယ်လွန်းတော့ အတွေ့အကြုံယူပြီး အပြင်ထွက်မှ ဆက်တိုက်ကြပါစေတဲ့။

ကျနော်တို့ (၂၀) ကျော်ပိုင်းက လက်ခံတယ်။ တွဲဘက်ထောင်က ထောင်မကြီးထဲပို့ပြီး ခေါင်းကွဲသွားပြီး ဆေးမထည့်ပေးဘဲ အစိမ်းချုပ်အပ်ချည်နဲ့ ချုပ်ပေးခံခဲ့ရတဲ့ ကိုသက်လှိုင် (RIT) ကတော့ စကားလေး ထစ်ထစ်နဲ့ ဆက်ချမယ်တဲ့။ သူ့လိုပဲ အသက်ငယ်ငယ် ခပ်ထွားထွား တောင်သာရွာသား အထက်တန်းကျောင်းသား အောင်ကိုကြီးကလည်း ကျနော်တို့လည်းပါမယ်တဲ့။ သူ့ခေါင်းလည်း အစိမ်းချုပ်ချုပ်ထားတယ်။



ဇီးရိုးအာဝါလို့ ကျနော်တို့ခေါ်တဲ့ သတ်မှတ်ရက်ကို ကိုတင်မောင်ဦးရဲ့ သတင်းအဆက်အသွယ်တွေနဲ့ စဖို့ပြင်ဆင်ထားကြတယ်။ ကိုတင်မောင်ဦး၊ စောလှဝင်း၊ ဗဆွေလေးတို့ကတော့ ရတဲ့အချိန်လေးမှာ စကားလှမ်းလှမ်းပြောသွားတယ်။ နောက်က ဝါဒါတွေဟောက်တာကို မကြားချင်ယောင်ဆောင်နေတယ်။ ဝါဒါတွေက သတိပေးတယ်။ ကျနော်တို့ဘက်ကို မပြေးရတော့ဘူးတဲ့။ ပြောမရရင် ရေချိုးခွင့်၊ ကျန်းမာရေး လေ့ကျင့်ခွင့်ပိတ်မယ်တဲ့။ မရပါဘူး သူတို့လစ်တဲ့အချိန်လေးမှာ ခပ်သွက်သွက်လေးပြေးရင်းနဲ့ သတင်းဖလှယ်ပေးကြ တယ်။

အဲဒီကြိုးတိုက်တွင်းက ဂန္ဓဝင်သံမဏိကျောင်းသားတယောက်လို့ ပြောရင်၊ မိမိတို့အဲဒီတုန်းက ဖတ်ခဲ့ရတဲ့ ကြိုးစင်ပေါ်ကမှတ်တမ်းများထဲက ဂျူးလီယက်ဖူးချစ်၊ ငုရင်ဗန်ထွိုင်း၊ မျိုးချစ်ရီဇော်၊ တော်လှန်သော တိုးတက်တက်ကြွသည့် စိတ်နှလုံးသားပိုင်ရှင်များ၏ စွန့်လွှတ်အနစ်နာခံမှုများ ရင်ထဲကိန်းအောင်းပြီး သူတို့ရဲ့ ထက်မြက်စူးရှတဲ့ တိုက်ပွဲဝင်ရင်ဆိုင်တဲ့စိတ်ဓာတ်နဲ့ စွန့်လွှတ်မြင့်မြတ်တဲ့ ဖြတ်သန်းခဲ့တဲ့ တော်လှန်ဂန္ဓဝင်သမိုင်းမှတ်တိုင်မှတ်တမ်းများက ပူနွေးရှတ ပေါက်ကွဲလုဆဲမှာ။

'တို့စ' တော့မယ်။ ဇီးရိုးအာဝါဒိတ်က (၂) ရက် (၃) ရက်တွင်းမှာဘဲ။ ထွန်းထွန်းကြီးက ကျနော်တို့ကို ပြောသည်။ ကျနော်တို့ အခန်းက (၈) ယောက်ရှိသည်။ (၂) ယောက်ပြန်လာမှ (၂) ယောက်တလှည့် ဂန်ဖလားချမည်။ ထွန်းထွန်းနဲ့ မိမိတို့အတွက် သတင်းယူမည်။ အပြင်ကို သတင်းလွှင့်ဖို့ အချိတ်အဆက်ယူမည်စသည်ဖြင့် အကြမ်းဆွေးနွေးနေကြတုန်း၊ မောင်အုန်းမြင့် (မဉက္ကလာ အလယ်တန်းကျောင်းသား (၁၅) နှစ်က ဂန်ဖလားကို လက်တဖက်နဲ့ မြှောက်လာရင်း မိမိနဲ့ထွန်းထွန်းတို့ဆီကိုကြည့်ပြီး လက်တဖက်က ဂန်ဖလားအောက်ထဲက စာကိုလှမ်းပေးလိုက်သည်။

"ဟော့ တင်မောင်ဦးဆီက ဒိတ်ရ

လာပြီ။ ဒို့စတော့မယ် ထွန်းထွန်းကအားရဝမ်းသာစာရွက်ကလေးကို သံတိုင်ကြားထဲက လှမ်းယူလိုက်သည်။ အုန်းမြင့်လေးက မြန်မြန်ဖတ် ပြီးရင်ဖျက်စီးလိုက်တဲ့။ ထွန်းထွန်းက ခပ်မြန်မြန်လှမ်းယူလိုက်သည်။ စာဖတ်ဖို့စာခေါက်ကလေးကိုဖြေတုန်း ဖြန်းကနဲ ဝါဒါလက်တဖက်က စာရွက်ကိုဆွဲလိုက်သည်။ အုန်းမြင့်လေးကိုလည်းကြည့်ပြီး ဘယ်သူပေးတာတုန်းဟုပြောပြီး ပါးတချက် လှမ်းရိုက်လိုက်သည်။ အုန်းမြင့်လေးခေါင်းလည်ထွက်သွားသည်။ ဂန်ဖလားကိုတော့မလွှတ် ကိုင်ထားသည်။ အခန်းထဲဝင်လာသည်။ ဝါဒါက စာဖတ်နေသည်။ ပြော ပြောစမ်း ဒါ မင်းကို ဘယ်သူပေးတာလည်းလို့ အသံက ဟိန်းသွားသည်။ ကြိုးတိုက်တခုလုံး ငြိမ်သွားသည်။

ဝါဒါစာဖတ်နေတုန်း ဖြန်းကနဲလက်တဖက်က စာရွက်ကိုဆွဲလုလိုက်သည်။ ပြီးတော့ ပါးစပ်ထဲဝါးစားလိုက်သည်။ ဝါဒါလည်း အံ့အားသင့်သွားသည်။ ဝါးစားပြီး ချက်ချင်းမျိုချလိုက်ပြီးမှ ကီးဆွဲထားပြီး အသင့်အနေအထားနဲ့ ကဲ မင်းဘာလုပ်မတုန်း။ ငါနဲ့ချမလား ငါ့ကိုသတ်ပစ်မလား ကြိုက်သလိုလုပ်စမ်းတဲ့။ သူ့မျက်နှာက စိမ်းစိမ်းဝါးဝါး။ ဝါဒါတချက်လှုပ်တာနဲ့ အပြတ်ချေမှုန်းမယ့်ပုံစံမျိုး။ ဝါဒါက သူ့ထက်အရပ်မြင့်ပေမယ့် စလင်းဘော်ဒီ။ သူက ကရာတေးသမားပုံမျိုး။ ဝါဒါတချက်လှုပ်တာနဲ့ ဖြုတ်တော့မယ့်ပုံမျိုး။

ကျနော်တို့လည်း သံတိုင်ကြားက ထရပ်လိုက်သည်။ ဝါဒါက ချာကနဲလှည့်ထွက်ပြီး ပြေးသွားသည်။ သိလိုက်ပြီ ထောင်မှူးနဲ့ တပ်ကြပ်ကြီးသိန်းမြိုင်ကို သွားတိုင်တော့မည်။ နာရီဝက်လောက်အကြာမှာတော့ ကိုတင်မောင်ဦးအခန်းက တံခါးဖွင့်သံကြားရသည်။ စစ်ဖိနပ်သံက ခပ်များများ ....

‘ရဲဘော်တို့ ငါသွားပြီ ...
ဆက်တိုက်ကြ ...
ငါ့ကိုခေါ်သွားပြီ ...
ဆက်တိုက်ကြ ...
ကြိုးတိုက်သံက ဟိန်းထွက်လာသည်။

နောက်တနေ့ ကျနော်တို့ အားလုံးကို ကြိုးတိုက်ရှေ့ခန်း (၁၀) ခန်းချင်း မျက်နှာချင်းအကျယ်လို့ခေါ်တဲ့ တံခါးခြားထားတဲ့နေရာကို ပို့လိုက်ကြသည်။

နောက်တနေ့ နံနက်စောစောမှာ အင်းစိန်ထောင်အပြင်ဘက်ကရောထောင်ဗူးဝအပေါ်ကပါ လော်စပီကာ (အသံချက်စက် ၄ လုံးလောက်နဲ့) တွံတေးသိန်းတန်သီချင်းတွေ အကျယ်ကြီးဖွင့်သည်။ ထူးခြားသည်ဟုထင်၍ နားစွင့်ကြသည်။ ကျနော်တို့အခန်းရဲ့ နောက်ဖက်မှာ တိုက် (၁) အခန်း (၁) အခြားနဲ့ ကန့်ထားတဲ့အခန်းက သော့ခလောက်ဖွင့်သံကြားရသည်။ ဝါဒါတအုပ်ကြီး အသံက ဟေး ဟေး ဝေးဝေး ဟေးဟေးနဲ့ ပြိုင်တူထွက်လာကြသည်။

အသံချဲ့စက်သံနဲ့ လုံးနေသည်။ ရဲဘော်တို့ ဝေး ဟေး ငါနှုတ်ဆက်ဝေး ဟေး ဟေးခဲ့တယ်။ ဝါး ဝါးဟားဟားဆက်တိုက် ငါသွား ဝါး ဝေးဟူး ဟေး အသံပျောက်သွားပါပြီ။ ကိုတင်မောင်ဦးရဲ့နှုတ်ဆက်သံလည်းဝေး ဝေးသွားပါပြီ။ ဒီကောင် ဝါဒါတွေက ဝေး ဝေး ဟေး ဟေးနဲ့ အော်တုန်းရှိပါသေးသည်။ ညစ်ပတ်မည်။ ယုတ်မာသည်။ ကောက်ကျစ်သည်။ နောက်ဆုံး ဆိုက်ဝါးသုံးပြီး အသံကိုဖုံးအောင် လုပ်သွားပါသည်။ ကိုတင်မောင်ဦးရဲ့အသံက စူးရှပေမယ့် ပျောက်သွားသည်။

နောက် ‘ဂျိုင်း’ ဟူသော အသံကြီးကြားလိုက်ရသည်။ ထောင်ထဲရောက်ပြီး (၂) နှစ်ကျော် (၃) နှစ်နီးပါးမှာ သည်အသံကို ပထမဆုံး အကြိမ်ကြားရခြင်းပင်။ ဒီအသံကြီးသည် ကျနော်တို့နှလုံးသားကို စူးရှဖောက်ထွက်သွားသလို ခံစားနာကျည်းသွားသည်။ တချို့ မျက်ရည်ကျသည်။ တချို့အံကြိတ်သည်။ တချို့ တောက်ခေါက်ကြသည်။ တချို့ငိုနေကြသည်။ ကျနော့်ဘေးနားတွင်ရှိသော စောလှငွေ၊ ကိုလှအောင်၊ ကိုမြင့်ဟန်နဲ့ ကိုဇော်ဝင်းလေးတို့က တောက်လည်းခေါက်သည်။အံလည်းကြိတ်သည်။ အံကြိတ်ရင်း နဖူးကြောတင်းတင်းနှင့် စဉ်းစားမိသည်။

‘ငါတို့အကြွေးဆပ်ရဦးတော့မည်ဟု ’

သူအရင်က တယောက် .. ပြီးတော့ .. နှစ်ယောက်။

‘ကျောင်းသားတွေကို ပြောလိုက်ပါတဲ့။ သူဘာကြောင့် ဆေးရုံကြီးမှာ ဖုံးခွဲရသလဲဆိုတာတဲ့ ’

(၇၄) အဲဒီတုန်းက ဒီဇင်ဘာမတိုင်ခင် နိုဝင်ဘာလလောက်မှာထင်ပါရဲ့။ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ဝင်း ဒဂုံဆောင်ရှေ့မြက်ခင်းပြင်မှာ ည (၁) နာရီကျော်လောက်မှာ ဖုံးတလုံးပေါက်တယ်။ ပေါက်ပြီးတာနဲ့မကြာခင်ဘဲ မိမိအပါအဝင် ဒဂုံဆောင်ပေါ်ကကျောင်းသားတွေ ပြေးထွက်လာကြတယ်။ အသံကလည်း ဝေး ဟေးလို့ ဆူညံနေတယ်။ ယမ်းငွေ့နဲ့ရောနေတဲ့ နှင်းနံ့လေးတချို့သတိရမိတယ်။ ပေါက်တဲ့နေရာလေးသွားပြီး ပြေးကြည့်ကြတယ်။ ဒါ ဒါပြည်ပြေးတွေဖေါက်တာပဲ။ နောက်က အသံတသံကြားရတယ်။ မိမိကတော့ မကြည့်မိပါ။ ဖုံးပေါက်တဲ့နေရာက စက်ဝိုင်းကလေးလိုဖြစ်နေတယ်။ တပေပတ်လည်လောက်ရှိမည်ဟု ခန့်မှန်းရသည်။ ကျနော်တို့ တွေးမိကြသည်။ ဒီနေရာမှာလာဖောက်တာထက် ဟိုဘက်နားက ကမာရွတ်ဂါတ်တဲကိုပဲ သွားဖောက်လိုက်ပါလားလို့။ (၇၃) က မာရွတ်ဂါတ်တဲမီးရှို့မှုနဲ့ ကျောင်းထုတ်ခံရတဲ့ သူငယ်ချင်းတွေကိုတွေးမိပြီး စိတ်ထဲက ပြောခြင်းဖြစ်ပါသည်။ ကျနော်တို့တက္ကသိုလ်ထဲကို ဖုံးလာဖောက်တာစော်ကားတာပဲလို့။

သံတိုင်ကြားထဲက ကိုညွှန့်တင် (ဒလ ပြည်ချစ်အဖွဲ့ဝင်က) ကင်းတကောင်ကျပေးပြီး အလှည့်ကျ ဝါဒါလေးနဲ့ ကျားထိုးနေသတဲ့။ ည (၁၀) နာရီလောက် ရှိနေပါပြီ။ နံနက် (၄) နာရီဆို သူ့ကိုလာထုတ်ပြီး ကြိုးပေးတော့မယ်။ တည်တည်ငြိမ်ငြိမ်နဲ့ အပြုံးမပျက်၊ သူက ရန်ကုန်ဆေးရုံကြီးမှာ လူနာသွားကြည့်တုန်း၊ သူ့နောက်ကရဲတွေလိုက်လာလို့ နောက်ဆုံးမလွတ်တော့လို့ ဆေးရုံကြီးအောက်ထပ် လှေကားရင်းမှာပဲ ဖုံးခွဲလိုက်သတဲ့။ တယောက်သေတယ်လို့ကြားရသတဲ့။ သူကိုဖမ်းပြီးတော့ ကြိုးပေးလိုက်တာပဲ။

ဖုံးခွဲတယ်ဆိုတာ နိုင်ငံရေးအရခြိမ်းခြောက်မှုတဲ့။ သူကပြောသွားတယ်။ ကျောင်းသားတွေ မကြိုက်ဘူးဆိုတာ သိပါတယ်တဲ့။ နောက်ကျောင်းသားတွေ၊ နိုင်ငံရေးတွေတော်လှန်ရေးတွေလုပ်တဲ့အခါ သိလာကြလိမ့်မယ်တဲ့။ ပြည်သူကို ဘယ်တော့မှ ထိခိုက်အောင်မလုပ်ဘူး။ မဆလ အစိုးရက သိပ်ညစ်ပတ်ပြီး သူတို့စစ်အာဏာနဲ့ အုပ်ချုပ်လို့ရအောင် ပြည်ချစ်တွေအယောင်ဆောင်ပြီး ဖုံးခွဲတတ်ကြတယ်တဲ့။ လူထုတွေထိတ်လန့်အောင် သူတို့ပဲ လူထုကြားထဲဖုံးခွဲပြီး သူတို့ ပြည်ချစ်တွေဆီပဲလွှဲချတတ်သတဲ့။ ပြောဖြစ်အောင်ပြောပေးပါတဲ့။ အဲဒီဝါဒါလေးကို သူက ကျားထိုးရင်းနဲ့ တည်တည်ငြိမ်ငြိမ်လေးနဲ့ ပြောခဲ့တယ်။

ကိုညွှန့်တင် (ဒလ) က အဲဒီအမှုနဲ့ဘဲ ကြိုးပေးခံရတယ်။ ပြည်ပြေးထွေးမြင့် (ဦးထွေးမြင့်) ကလည်းအဆောင် (၃) အခန်း (၂) မှာ သူလည်း သေဒဏ်ကျခံရတယ်။ သူကတော့ ကံကောင်းပြီး ၂/၈၀ မှာ လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့တာပါ။ သူတို့ (၂) ယောက်ကတော့ စောလှဝင်းနဲ့ ဗဆွေလေးပါပဲ။ စောလှဝင်းကလည်းအခွင့်ရတုန်း အပြေးလေ့ကျင့်ရင်း ကျနော်တို့အခန်းဘက်ရောက်လာတယ်။ ဝါဒါလေးတွေနဲ့ခင်တော့ သူကျန်းမာရေးလေ့ကျင့်တုန်း အပြေးအလွှားအချိန်ယူပြီးပြောခဲ့တာ။ မြေနီကုန်းနဲ့ အင်းစိန်ဘတ်စ်ကားလိုင်း အမှတ် (၈) ကိုစီးပြီး မှတ်တိုင်တခုမှာ ဆင်းတယ်။ သူနောက်ဆုံးဆင်းပြီးတော့ ဘတ်စ်ကားထဲမှာ လူမရှိတော့မှ ဖုံးကို နောက်ပြန်ပစ်ခဲ့တာတဲ့။ ကံအားလျော်စွာ ဖုံးက ကားပြတင်းပေါက်က အပြင်ထွက်သွားပြီး လမ်းကူးနေတဲ့လူတယောက်ကို အစလေးသွားမှန်သတဲ့။

အဲဒီလူရဲ့ ခြေသလုံးက သွေးထွက်လွန်နေလို့ သူကိုယ်တိုင် ဆေးရုံကြီးကိုလိုက်ပို့တယ်တဲ့။ သူ့ ခြေသ

လုံးလည်း အစလေးတွေမှန်သွားလို့ ဆေးရုံကြီးရောက်မှသိရသတဲ့။ ဆေးထည့်နေတုန်း သူ့အသိတယောက်က တွေ့ပြီး ရဲကိုဖုန်းဆက်တာနဲ့ သူလည်း ကြိုးတိုက်ထဲရောက်တာတဲ့။ သူ့အမှုတွဲက ဗဆွေလေးဖြစ်သွားတယ်။ ပြည်ပြေး ဗဆွေလေးကို စာရွက်စာတန်း ဖောက်ခွဲရေးပစ္စည်းတွေနဲ့မိ ဆိုတဲ့ သတင်းက မြန်မာ့အလင်းသတင်းစာမှာ ပါလာတယ်။

ခင်ဗျားတို့ ဒီအထဲမှာ ငြိမ်ငြိမ်လေးနေကြပြီးတော့မှ အပြင်ရောက်မှ လုပ်ချင်ရာလုပ်ဗျာ။ ခင်ဗျားတို့ မြန်မြန်ထွက်မှ ကျနော်တို့လွတ်မယ်တဲ့။ ပြုံးပြုံးလေးနဲ့ပြောသွားတဲ့စကား။ ကိုထွန်းထွန်း (ဗကြည် တရုတ်နယ်စပ်တနေရာဆုံး) က ထုံးစံအတိုင်း ပြုံးပြုံး ရီကျဲကျဲနဲ့ကြည့်နေတာ မှတ်မိသေးတယ်။ သူတို့နှစ်ယောက်ကိုတော့ တပြိုင်နက်ထဲ ကြိုးပေးတယ်လို့ သိရတယ်။ ကိုတင်မောင်ဦးကို ကြိုးပေးပြီးနောက်။ ကျနော်တို့ကို ပုံစံကိုင်ဖို့ စစ်ခွေးတိုက်ထဲမှာထည့်ပြီး ညှဉ်းပန်းနေတုန်းကပေါ့။

မဆလ စစ်အစိုးရ လက်ထက်မှာ နိုင်ငံရေးမှုနဲ့ပတ်သက်ပြီး ကြိုးပေးသတ်ခံခဲ့ရသူ (၄) ဦးအကြောင်း ပါဘဲ။ နောက်သိရင်လည်း ထပ်ပြီး ဖြည့်ရေးပေးကြပေါ့ဗျာ။ ညီမလေး မလှမြိုင်ရေ အစ်ကိုက မှတ်မိသလောက် အာရုံထဲစွဲနေတဲ့အဖြစ်ပျက်လေးတွေ ပြန်ရေးပြတာပါ။ ကိုတင်မောင်ဦးသာ ကြိုးပေးမခံရဘဲ ၂/၈၀ နဲ့လွတ်ခဲ့ရင် ရှစ်လေးလုံးအရေးတော်ပုံ မှာလည်း မီခဲ့ရင်၊ ချေမှုန်းမခံရလို့ လွတ်မြောက်ခဲ့ရင်လည်း သူက တိုက်ရဲသူတွေကို အနိုင်ယူဖို့ ဗျူဟာတွေကို ဘဝတူ သွေးချင်းတွေနဲ့ပေါင်းပြီး စစ်ကြောင်းကြီးတခု ဖြစ်အောင်လုပ်နိုင်မှာ သေချာပါတယ်။

ညီမလေး မလှမြိုင်နဲ့ မိသားစုများ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းကြပါစေ။

လူ့အခွင့်အရေး

ကျောင်းသားအရေး ....။

မျိုးဆက်သစ်ဟောင်း၊ ခေတ်အဆက်ဆက် ဒီမိုကရေစီနှင့် (၇၄) တိုက်ပွဲဝင်ရဲဘော်များနဲ့ ပြည်သူများကို ဦးညွှတ်လျှက် ...။

မောင်မောင်တိုတ်
(ABSDF)

***




ဇွန် ၂၄၊ ၂၀၁၀။

အမည်ကြိုးတိုက်
တိုက်အမှတ် (၂)
တိုက်ပွဲနှစ်များ တေးသားသက်ဝင်
ရှင်သန်လှုပ်ရှားဆဲပေတကား ။

ခါးလည်တံခါး
စည်းခြားပိုင်နက် ခြမ်းတဘက်ဌ
နက်နက်ရှိုင်းရှိုင်း ပိုင်းပိုင်းဖြတ်ဖြတ်
ပြတ်ပြတ်သားသား ရှားရှားပါးပါး
ကြိုးသမားတို့ အံကြိတ်ရာ။

ကြိုးစာရင်းဝင်
ကိုညွန့်တင်၊ ဆလိုင်းတင်မောင်ဦး၊ ဗိုလ်စံဖဲ
ဘဆွေလေး (အကောက်)၊ စောလှဝင်း
ကိုထွန်းမောင် (ဘိုကလေး) နှင့် ..... အစရှိသူများ။

ဟိုတဖက်က
မက္ကနားမှ၊ လှရွှေ၊ ဇေယျ
ဆာဂျင်သိန်းမြင့် အာဏာပိုင်လား
ပါးကွက်သားတို့ ယုတ်မာရာ။

ကိုညွန့်တင်ရဲ့ တယောချွဲသံ
ညယံထွင်းဖောက် လွင့်နေမြဲ။
ဘဆွေလေးရဲ့ အကျဉ်းနံရံ
"ဗေဒါပုံအံကိုခဲ ပန်းပန်လျှက်ပဲ"
မီးသွေးခဲနဲ့ ရဲတဲ့စာတို၊
တော်လှန်ပုံရိပ်၊ ယုံကြည်ရွယ်စူး
တင်မောင်ဦးရဲ့ ကြွေးကြော်သံလား
ထောင်တံတိုင်းမှာ ပဲ့တင်ညံ။

အဖိုးသခင်
ကြိုးစင်ဦကာ ၊ မထိမဖြုံ
ဂျူန် သရဏံ ဂစ္ဆာမိခိုင်းခဲ့တယ်လေ။

ဗိုလ်ကြီးအုန်းကျော်မြင့်
ကျောင်းသားခေါင်းဆောင် တင်မောင်ဦး
ခေတ်ကိုတူးဆွခဲ့သူတွေ။

ဂျူးလိယက် ဖူးချစ်ရဲ့
ကြိုးစင်ပေါ်က မှတ်တမ်းများ
တို့ရဲဘော်ရဲ့
ကြိုးတိုက်ထဲက ပုံရိပ်များ
ကြိုးစင်သွားရာ၊ ခြေရာပြတ်ထင်
ကြိုးစင်အတက်၊ သွေးမပျက်တာ
ကြိုးစင်ထက်မှာ၊ ရဲလက်နီဈွေး
ခွပ်ဒေါင်းသွေးနဲ့ အရေးတော်ပုံဖွဲ့ခဲ့သည်။

**ဆလိုင်းတင်မောင်ဦး ကျဆုံးခြင်း (၃၄) နှစ်မြောက် အထိမ်းအမှတ်**